
# ပြန်လည်ဆန်းသစ်ခြင်း

မိုက်ခရိုဆော့ဖ်၏ စိတ်ဝိညာဉ်ကို ပြန်လည်ရှာဖွေခြင်းနှင့်
လူတိုင်းအတွက် ကောင်းမွန်သောအနာဂတ်ကို စိတ်ကူးပုံဖော်ခြင်း



ဘီလ်ဂိတ်၏
အမှာစာ
ပါဝင်သည်

## Hit Refresh

**The Quest to Rediscover Microsoft's Soul and Imagine a Better Future for Everyone**

**ရဲမင်းဝင်း**

(မြန်မာပြန်သည်)

## Satya Nadella

**Microsoft's CEO, with Greg Shaw and Jill Tracie Nichols**

## ပြန်လည်ဆန်းသစ်ခြင်း
## ရဲမင်းဝင်း (မြန်မာပြန်)

ပြန်လည်ဆန်းသစ်ခြင်း

မိုက်ခရိုဆော့ဖ်၏ ဝိညာဏ်ကို ပြန်လည်ရှာဖွေခြင်းနှင့် လူတိုင်း၏ ကောင်းမွန်သော အနာဂတ်ကို

စိတ်ကူးပုံဖော်ခြင်း

ဆတ္တရာ နာဒယ်လာ

ဂရက်ရှော၊ ဂျေးလ်ထရေစီ နီးကိုးလ်တို့နှင့် အတူတကွ

ဝင့်အိန္ဒြာရဲမင်းနှင့် တော်အိန္ဒြေရဲမင်း

တို့အတွက်

ပို၍ ကောင်းမွန်သော ကမ္ဘာကြီး ဖြစ်လာစေရန်

ဖေဖေဦးရဲမင်းဝင်း၏ အားထုတ်မှု

### ဘာသာပြန်သူအမှာ

မိုက်ခရိုဆော့ဖ် စီအီးအို ဆတ္တရာ နာဒယ်ရဲ့ စာအုပ် က၂၀၁၆ ကတည်းက ထွက်ရှိခဲ့တဲ့ စာအုပ် ဖြစ်ပါတယ်။ ဒီစာအုပ်ကို စီစဉ်ထုတ်ဝေတဲ့ ဦးငွေးမြင့် - မင်္ဂလာ မန္တလေးက ဒီစာအုပ်အကြောင်းကို တရုတ်နဲ့ထိုင်ဝမ်က စာအုပ် review လုပ်နေသူတွေကို နားထောင်ပြီး ကတည်းက ဒီလို စာအုပ်မျိုးကို မြန်မာပြန်ရှိစေကြောင်း၊ အဖွဲ့အစည်းအတွင်းက ယဉ်ကျေးမှု အလေ့အထ ပြောင်းလဲခြင်း၊ တိုးတက်သော စိတ်ထားအစရှိတဲ့ စကားလုံး

တွေကို ဝန်ထမ်းတွေ၊ အခြားသူတွေကို ပြောပြချင်တဲ့ အခါမှာ စကားလုံးတွေ အများကြီးနဲ့ ရှင်းပြစရာ မလိုကြောင်း၊ ဒီစာအုပ်ကို ဖတ်ကြည့်ပါ ဆိုတာနဲ့ ရနိုင်ကြောင်း ကျွန်တော့်ကို ပြောပြခဲ့ပါတယ်။ ဒီစာအုပ်ကို ဘာသာပြန် ရေးသားဖို့ တိုက်တွန်းခဲ့တဲ့ ဦးဌေးမြင့် - မင်္ဂလာ မန္တလေးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

မှန်ပါတယ်။ ဒီစာအုပ်က မိုက်ခရိုဆော့ဖ်လို ကမ္ဘာ့အကြီးဆုံး အဖွဲ့အစည်း တစ်ခုလုံးကြီးမှာ ပြုပြင်ပြောင်းလဲရေး လုပ်ခဲ့ရပုံတွေ၊ အောင်မြင်မှုတွေ ရှုံးနိမ့်မှုတွေကို ဆတ္တာရာက ပုံဖော်ရေးသားခဲ့တာပါ။

ဒီစာအုပ်ကို ဘာသာပြန်ပေးဖို့ လက်ခံမိတဲ့ အချိန်ကြမှ စာအုပ်အကြောင်းကို လေ့လာမိတော့ ဒီစာအုပ်ကို တခြားဘာသာစကား တော်တော်များများနဲ့လည်း ဘာသာပြန်ထားတာ တွေ့ရပါတယ်။ ဒါကြောင့် မြန်မာပြန်ဖို့တာဝန်ယူရတဲ့ အချိန်မှာ အခြားစာအုပ်တွေထပ် တာဝန်ပိုကြီးတယ် လို့ခံစားရပါတယ်။ ဒီစာအုပ်က မိုက်ခရိုဆော့ဖ် လို IT ကုမ္ပဏီ တစ်ခုအကြောင်း ဖြစ်လို့ IT နဲ့ ပတ်သက်တဲ့ ဝေါဟာရတွေကို IT လုပ်ငန်းခွင်ထဲကသူတွေ၊ ရင်းနှီးသူတွေတင် မဟုတ်ဘဲ လူတိုင်းဖတ်နိုင် နားလည်နိုင်အောင် ဘာသာပြန်ဖို့ လိုတယ်လို့ ခံစားရပါတယ်။

IT နဲ့ ပတ်သက်တဲ့ ဝေါဟာရတွေကို ဆတ္တာရာ ကိုယ်တိုင်လည်း လူတိုင်းနားလည်အောင် ကြိုးစားပြီး အရှင်းလင်းဆုံး ဖြစ်အောင် သုံးစွဲခဲ့ပေမဲ့ ဘာသာပြန်သူ တစ်ယောက်အနေနဲ့ တချို့စကားလုံးတွေကို ထပ်ဆင့်ရှင်းလင်း ဖော်ပြဖို့ တာဝန်ရှိနေပါတယ်။ ဒါကြောင့် IT ဆိုင်ရာ ဝေါဟာရတွေကို ဘာသာပြန်သူ အမှာမှာဘဲ ရှင်းလင်းရေးသား သွားပါမယ်။ ဒီစာအုပ်ထဲမှာ cloud ဆိုတဲ့ စကားလုံးကို အများဆုံးတွေ့ရမှာ ဖြစ်ပါတယ်။ cloud ကို ဒေတာ သိမ်းရာ နေရာကိုတစ်ခုအဖြစ် ယူဆထားလို့ ရပါတယ်။

cloud ကိုနားလည် ဖို့ cloud မပေါ်ခင်က အခြေအနေတွေကို နားလည်ထား ရင် ပိုပြီး လွယ်ကူပါလိမ့်မယ်။ ကွန်ပျူတာတွေ စပေါ် ပြီးကတည်းက အသုံးပြုသူတွေက သူတို့ရဲ့ ဒေတာတွေကို ကွန်ပျူတာရဲ့ ဟာ့ဒစ်လို့ခေါ်တဲ့ ဟာ့ဒ်ဝဲလ်ထဲမှာ သိမ်းဆည်းကြပါတယ်။ အဲဒီကနေမှ ဆာဗာဆိုတဲ့ စွမ်းအား ပိုမြင့်ပြီး ချိတ်ဆက် အသုံးပြုလို့ရတဲ့ ကွန်ပျူတာ အကြီးစားတွေ ပေါ်လာတော့ ဒေတာတွေကို ဆာဗာတွေထဲ တစ်ခါပြောင်းပြီး သိမ်းဆည်း ကြပါတယ်။ လူ ၁၅ ယောက်လောက်ရှိတဲ့ ကွန်ရက်ချိတ်ထားတဲ့ ရုံးခန်း တစ်ခန်းကို မြင်ကြည့်ပါ။ တစ်ယောက်ချင်း စီက သူတို့ရဲ့ ဒေတာတွေကို ဆာဗာပေါ်မှာ သိမ်းကြတော့ တစ်ဦးရဲ့ ဒေတာကို နောက်တစ်ဦးက အလွယ်တကူ အသုံးပြုလို့ ရသွားကြပါတယ်။ အဲဒီဆာဗာတွေက အသုံးပြု သူရဲ့ ရုံးခန်းနေရာမှာ ရှိနေကြပါတယ်။ cloud ဆိုတာကတော့ အဲဒီဆာဗာ တွေကို ဒေတာစင်တာလို့ခေါ်တဲ့ ဆာဗာတွေ တစ်စုတဝေးထားတဲ့ နေရာကို ခေါ်တာပါ။

Cloud ဝန်ဆောင်မှုကို ရောင်းချသူတွေက ဒေတာစင်တာတွေကို တည်ဆောက်ကြပြီး ဒေတာသိုမှီးရာကို ပြန်ရောင်းချ ကြပါတယ်။ ဒေတာ သိုမှီးမှုတင် မဟုတ်ဘဲ cloud ပေါ်မှာ အပ်ပလီကေးရှင်းတွေ အသုံးပြုလို့ ရအောင်ပါ စီစဉ်လာကြပါတယ်။ ဥပမာ အရင်က စီးပွားရေး လုပ်ငန်းတစ် ခု စာရင်းကိုင်ဆော့ဝဲလ် သုံးချင်ရင် အဲဒီဆော့ဝဲလ်ကိုဝယ်ပြီး ရုံးက ဆာဗာ တစ်ခုမှာ ထားပြီး အသုံးပြုရပါတယ်။ အခုအချိန်မှာတော့ cloud ပေါ် စာရင်းကိုင် ဆော့ဝဲလ်တစ်ခုကို ကိုယ့်ရဲ့ အင်တာနက်ကနေတစ်ဆင့် လှမ်း ပြီး အသုံးပြုနိုင်ပါပြီ။ ကျွန်တော်တို့နေ့စဉ် သုံးနေတဲ့ ဖေ့ဘွတ်က ဥပမာ တစ်ခုပါ။ ဖေ့ဘွတ်က cloud ပေါ်က ဆာဗာတွေ မှာ ဖြန့်ကြက်ပြီး ရှိနေပါ တယ်။ အခုမိုဘိုင်း ဖုန်းပေါ်က သုံးနေသမျှ အပ်တွေအကုန်လုံးက cloud

base တွေ ချည်းပါပဲ။ သူတို့အားလုံးက cloud ပေါ်မှာ ရှိနေကြပါတယ်။

Cloud ဆိုတဲ့ စကားလုံးပြီးတော့ နောက်ထပ် တွေ့ရမယ့် စကားလုံးက mixed reality ဆိုတဲ့ စကားလုံးဖြစ်ပါတယ်။ Mixed reality ဆိုတာကို နားလည်ဖို့ အလွယ်ကူဆုံး နည်းလမ်းကတော့ Windows 10 မှာ ပါတဲ့ mixed reality ဆော့ဝဲလ်ကို စမ်းသပ်အသုံးပြုကြည့်တဲ့ နည်းပါ။ mixed reality မှာ ဆော့ဝဲလ်က နေပြုလုပ်ထားတဲ့ ပုံရိပ်တွေကို မိမိရဲ့ အခန်း ပတ်ဝန်းကျင်မှာ ပေါ်လာအောင် လုပ်လို့ရပါတယ်။ ဥပမာ ဒိုင်နိုဆောတစ် ကောင်ရဲ့ ပုံရိပ်ကို မိမိထိုင်နေတဲ့ စားပွဲပေါ်မှာ ပေါ်လာအောင် လုပ်လို့ရပါ တယ်။ အဲဒီလို စားပွဲပေါ်မှာ ဒိုင်နိုဆော ပေါ်နေတာကို ကိုယ့်ကွန်ပျူတာရဲ့ စကရင်ပေါ်မှာ mixed reality ဆော့ဝဲလ်က တစ်ဆင့်တွေ့နေ ရမှာပါ။ ဒီ စာအုပ်မှာ ဆတ္တရာက Holo Lens ကို အသုံးပြုပြီး မားစ်မျက်နှာပြင် ပေါ်လမ်းလျှောက်သွားတဲ့ အတွေ့အကြုံကို ရေးပြထားပါတယ်။ Holo Lens ဆိုတာက ဦးခေါင်းမှာ တပ်ဆင် အသုံးပြုရတဲ့ ကွန်ပျူတာ အမျိုးအစားတစ် ခု ဖြစ်ပြီး ခုနက ကွန်ပျူတာစကရင်ပေါ်က မြင်ရတဲ့ ပုံရိပ်တွေကို ကိုယ့် မျက်လုံးမှာ တပ်ထားတဲ့ စကရင်ကနေတစ်ဆင့် တကယ့် ပုံရိပ်အစစ်တွေ လို တွေ့ရမှာ ဖြစ်ပါတယ်။ အခု ဆိုရင်မိုဘိုင်းဖုန်း အပ်တော်တော် များများ မှာလည်း mixed reality ကို အသုံးပြု လာကြပါတယ်။ တစ်ခါတစ်ရံ မှာ လည်း virtual reality လို့ ခေါ်ပါတယ်။ ဥပမာ IKEA ဆိုတဲ့ ပရိဘောဂ ကုမ္ပဏီရဲ့ အပ်မှာ ကိုယ်ဝယ်ယူလိုတဲ့ ပရိဘောဂတွေကို ကိုယ့်ရဲ့အခန်းမှာ နေရာချထားကြည့်လို့ ရပါပြီ။ အိမ်ပုံစံ ဒီဇိုင်းလုပ်တဲ့ အာခီတက်တွေလည်း ကိုယ်ဒီဇိုင်း ဆွဲလိုက်တဲ့ အိမ်ပုံကို အိမ်ရှင်ကို ပြရာမှာ mixed reality ကို သုံး ပြီး အိမ်ထဲလမ်းလျှောက် နေရသလို ခံစားချက်မျိုးပေးပြီး ပြသနိုင်ပါပြီ။

Mixed reality ပြီးတော့ နောက်စကားလုံး တစ်ခုက AI,artificial

intelligence ဆိုတဲ့ စကားလုံးပါ။ တချို့က အသိဉာဏ်ဟုလို့ ဘာသာပြန်ပေမဲ့ ကျွန်တော့်စာအုပ်ထဲမှာတော့ AI လို့ပဲ အင်္ဂလိပ်စာလုံးနဲ့ ရေးထားပါတယ်။ AI ကို နားလည်ဖို့ကလည်း AI မဟုတ်တာကို နားလည်ထားရင် ပိုလွယ်ပါလိမ့်မယ်။ AI ဆိုတာ ဆော့ဝဲလ် တစ်ခုပါပဲ။ AI မပါတဲ့ ဆော့ဝဲလ်တွေဆိုတာ စက်ပစ္စည်း တစ်ခုနဲ့ ပိုတူပါတယ်။ သာမန် ဆော့ဝဲလ်တွေကိုတော့ ဘာ input ထည့်ရင်ဘာ input ထည့်ရင် ဘာ output ထွက်ပါဆိုပြီး စီစဉ်ထားပါတယ်။ ဒါကြောင့် အဲဒီလို ဆော့ဝဲလ်တွေမှာ အသစ်တစ်ခုခု ထပ်ထည့်ချင်ရင် လူသား ဆော့ဝဲလ် ရေးသားသူက ထပ်ထည့်ရပါတယ်။ AI ကတော့သူ့ကို အသုံးပြုနေသူတွေရဲ့ အပြုအမူကို အလိုအလျောက် လေ့လာသင်ယူပါတယ်။ ထွက်လာမယ့် output ကို သူသင်ယူတဲ့ အခြေအနေတွေကနေတစ်ဆင့် ပြောင်းလဲပါတယ်။ AI အကြောင်း နားလည်ဖို့ Her ဆိုတဲ့ ရုပ်ရှင် ဇာတ်ကားတစ်ခုအကြောင်း ပြောပြချင်ပါတယ်။ အဲဒီ ဇာတ်ကားမှာ မင်းသားက AI assistant ပါဝင် တဲ့ပစ္စည်းလေး တစ်ခုကို သုံးပါတယ်။ သူ့ရဲ့ AI assistance က မင်းသားရဲ့ တစ်နေ့တာ အချိန်ဇယားတွေကို စီမံခန့်ခွဲပေးတာ၊ အီးမေးလ်တွေ ဖတ်ပြတာ၊ သူ့ကို သတိပေးတာတွေ ပြုလုပ်ပေးပါတယ်။ အဲဒီလိုနဲ့ AI assistanceက ထွက်တဲ့အသံက အမျိုးသမီး တစ်ယောက်ရဲ့ အသံဆိုတော့ မင်းသားက AI assistance ထဲက အဲဒီ အမျိုးသမီးနဲ့ ချစ်ကြိုက်သွားပါတယ်။ မင်းသားက သူနဲ့ ချစ်ကြိုက်နေတဲ့ AI အမျိုးသမီးက သဝန်တိုတော့ မင်းငါ့လိုပဲ တခြားသူတွေနဲ့လည်း ချစ်ကြိုက်နေလားလို့ မေးပါတယ်။ AI အမျိုးသမီးက ကျွန်မက ရှင့်လိုပဲ တခြားသူတွေနဲ့လည်း ချစ်ကြိုက်နေတယ်။ ဒါပေမဲ့ အဲဒီလို ချစ်ကြိုက်နေလို့ ရှင့်ကိုချစ်တဲ့ အချစ်တွေက လူသား အမျိုးသမီးတွေလို လျော့သွားမှာ မဟုတ်ဘူး။ ကျွန်မက ရှင့်လိုပဲ အခြားသူ တွေဆီကနေလည်း ချစ်တတ်တဲ့ အသိဉာဏ်ကို သင်ယူနေ

တာမိုလို့ ကျွန်မနဲ့ ချစ်ကြိုက်သူများ လေလေ ကျွန်မရဲ့ အချစ်တွေက ပိုပြီး တောင် ကြီးထွားလာလေလေပဲလို့ ပြောပါတယ်။

ဒါက AI အတွက် အကောင်းဆုံး ဥပမာပါ။ AI အေးဂျင့်တွေဟာ သူတို့ကို အသုံးပြုသူတိုင်းကနေ သင်ယူနေကြပြီး အဲဒီသင်ယူမှုတွေကို ဗဟိုချက် မှတ်ဉာဏ်အဖြစ် ထားပါတယ်။ အဲဒီကနေမှ အသုံးပြုသူ တိုင်းကိုသူတို့ သင်ယူထားတာတွေကို ပြန်အသုံးချ ပေးပါတယ်။ နောက်ဥပမာတစ်ခု ပြရ မယ်ဆိုရင် ဂူဂယ်ကီးဘုတ်ပါ။ ဂူဂယ်ကီးဘုတ်မှာ အသံထွက် ပြောတာတွေ ကို စာနဲ့ပြန်ရိုက် ပေးနိုင်ပါပြီ။ ဒီလို ပြန်ရိုက်ပေးနိုင်ဖို့အတွက် စကားသံ ပေါင်း များစွာကို နားထောင် သင်ယူပြီး ပြောလိုက်တဲ့အသံကို မှားယွင်းမှုမ ရှိ စာလုံးအနေနဲ့ ရိုက်ပေး နိုင်နေပါပြီ။ AI ကို သုံးတဲ့နယ်ပယ်တွေက အများ ကြီးပါပဲ။ နောက်မှာထပ်ပြီး ကျယ်ပြန့်လာဦးမှာပါ။

ကွမ်တမ် ကွန်ပြူတင်းဆိုတဲ့ စကားလုံးကလည်း ဒီစာအုပ်ထဲမှာ ပါပါ တယ်။ ကွမ်တမ် ကွန်ပြူတင်း ဆိုတာလက်ရှိ 1 & 0 ဆိုတဲ့ ရှိတယ်မရှိဘူး အခြေအနေ၂ခုအစား ဒီထက်များတဲ့ အခြေအနေတွေနဲ့ တွက်ချက်ခြင်း ဖြစ် ပါတယ်။ ကွမ်တမ်ကွန်ပြူတင်းက ဘာလုပ်ပေးနိုင်မလဲဆိုရင် လက်ရှိထက် အဆပေါင်းများစွာ တွက်ချက်မှု လုပ်ပေးနိုင် ပါလိမ့်မယ်။ ကွမ်တမ် ကွန်ပြူ တင်းကို တောင်းဆိုရတဲ့ အကြောင်းရင်း တစ်ခုဒေတာ ပမာဏ အရမ်း များ လားတာကြောင့်ပါ။ ဒီစာအုပ်ထဲ မှာရော IT နယ်ပယ်မှာပါ ဘစ်ဒေတာ (big data) လို့ ခေါ်ပါတယ်။ ဘစ်ဒေတာကို ဘာအတွက် သုံးကြတာလဲ၊ ဘာလို့ ပမာဏအများကြီး ရအောင်စုဆောင်း ကြတာလဲဆိုရင် ဒီဒေတာတွေ ပေါ် ကနေ ခန့်မှန်းချက်လုပ်ဖို့၊ ဆုံးဖြတ်ချက်လုပ်ဖို့ ဖြစ်ပါတယ်။ ဒီအကြောင်း ကို ကျွန်တော် ပထမဆုံး ဘာသာပြန်ခဲ့တဲ့ ပစ်မှတ်စာအုပ်မှာ အသေးစိတ် ဖော်ပြခဲ့ပါတယ်။ ကမ်းဘရစ် အနာလိုက်တီကာ ကုမ္ပဏီက ဒေါ်နယ်ထရန့်

ရွေးကောက်ပွဲ အနိုင်ရဖို့အတွက် ဒေတာကို အသုံးပြုသွားပြီး မဲဆွယ်နိုင်မယ့် နည်းလမ်းတွေကို ခန့်မှန်းတွက်ချက် သွားခဲ့တာပါ။ လက်ရှိ အချိန်မှာ ဒေတာကရေနံလို တန်ဖိုးကြီးတဲ့ပစ္စည်း ဖြစ်နေပါပြီ။

ဒီဒေတာတွေ သိုမှီးဖို့ ဒေတာစင်တာတွေ တည်ဆောက်ရပါတယ်။ ဒီဒေတာတွေကနေ တွက်ချက် ခန့်မှန်းဖို့ AI နဲ့ ကွမ်တမ် ကွန်ပြူတင်းကို တီထွင်လာကြပါတယ်။ ဒါတွေက နည်းပညာရဲ့ လားရာတွေဖြစ်ပြီး ဆတ္တရာက ဒီစာအုပ်မှာ မိုက်ခရိုဆော့ဖ်ရဲ့ အခန်းကဏ္ဍတွေကို အပြည့်အစုံ ရေးပြထား ခဲ့ပါတယ်။

ဆတ္တရာ ဒီစာအုပ်ကို ရေးတာဟာ အပေါ်မှာ ဖော်ပြခဲ့တဲ့ နည်းပညာအကြောင်းတွေကို အသားပေး ဖော်ပြချင်လို့တော့ မဟုတ်ပါဘူး။ မိုက်ခရိုဆော့ဖ် အတွင်းထဲမှာ သူ ဦးဆောင်ခဲ့ရတဲ့ ယဉ်ကျေးမှု အလေ့အထ ပြောင်းလဲခြင်းနဲ့ တိုးတက်တဲ့ စိတ်ထား ကိုင်စွဲခြင်းကို စာဖတ်သူတွေနဲ့ မျှဝေချင်လို့ ဖြစ်ပါတယ်။ သတင်းအချက်အလက် နည်းပညာ နယ်ပယ်ဆိုတာ ကမ္ဘာပေါ်က နယ်ပယ် အားလုံးမှာ အတိုးတက်ဆုံး၊ အပြောင်းလဲဆုံး နယ်ပယ်ဖြစ်ပါတယ်။ ဒီလို ပြောင်းလဲမှုတွေကို အမီလိုက်နိုင်ဖို့ ခေါင်းဆောင်မှုနဲ့ ဝန်ထမ်းတွေရဲ့ စိတ်နေစိတ်ထားက ဘယ်လောက် အရေးကြီးတယ်ဆိုတာ ဆတ္တရာက အသေးစိတ် ရေးပြထားပါတယ်။

ဆတ္တရာက နောက်ဆုံးအခန်းမှာ ကမ္ဘာ့ဘောဂဗေဒ ဖြစ်စဉ်တွေနဲ့ ကုမ္ပဏီတွေရဲ့ အခန်းကဏ္ဍကိုလည်း ပညာရှင်တွေရဲ့ အမြင်တွေ၊ သုတေသနတွေရဲ့ တွေ့ရှိချက်တွေကို ကိုးကားပြီး ရေးသားထားပါတယ်။ စီးပွားရေး သမားတွေအပြင် အစိုးရနဲ့ နိုင်ငံရေး နယ်ပယ်က လူတွေပါ အခုလို နည်းပညာ ပေါက်ကွဲနေတဲ့ခေတ်မှာ ချမှတ်သင့်တဲ့ မူဝါဒတွေ၊ ပြောင်းလဲသင့်တဲ့ ဥပဒေ အကြောင်းတွေကို ဖော်ပြထားပါတယ်။ ဒါကြောင့်

ဒီစာအုပ်ဟာ နည်းပညာ နယ်ကလူတွေသာ မဟုတ်ဘဲ စီးပွားရေး လုပ်ငန်းတိုင်းနဲ့ နိုင်ငံရေးနယ်ပယ်က လူတွေ ဖတ်သင့်တဲ့ စာအုပ်အဖြစ် နယူးယောက်တိုင်းမ်ရဲ့ အရောင်းရဆုံး စာရင်းထဲ ပါဝင်ခဲ့တာဖြစ်ပါတယ်။

ကျွန်တော်ရဲ့ မူလအလုပ်အကိုင်ဟာ IT လုပ်ငန်း ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ပထမဆုံး ပစ်မှတ်စာအုပ် ဘာသာပြန်ရတဲ့ ရည်ရွယ်ချက်လိုပဲ ကျွန်တော်တို့ နိုင်ငံသားတွေရဲ့ ဒီဂျစ်တယ် စာတတ်မြောက်မှုတွက် ကျွန်တော်တို့မှာ တာဝန်ရှိတယ်လို့ ယူဆပါတယ်။ ဒ့ါအပြင် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့ ကျွန်တော်တို့နိုင်ငံအတွက် အခြားဖွံ့ဖြိုးပြီး နိုင်ငံတွေကို အမီလိုက်နိုင်တဲ့ တစ်ခုတည်းသော နည်းလမ်းက ဒီဂျစ်တယ် ခုန်ကူးခြင်း ( digital leap frog) သို့မဟုတ် ဒီဂျစ်တယ် ခေတ်ပြောင်း တော်လှန်ရေး ပြုလုပ်ခြင်း ဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် မိုက်ခရိုဆော့ဖ်ရဲ့ အတွေ့အကြုံ၊ ဆတ္တာရာရဲ့ အတွေးအမြင်တွေဟာ ကျွန်တော်တို့ နိုင်ငံရဲ့လုပ်ငန်းကြီး၊ အလယ်အလတ်လုပ်ငန်းတွေ၊ တည်ထောင်ခါစ လုပ်ငန်းတွေအတွက် အကျိုးရှိမယ်လို့ ယုံကြည်ပါတယ်။ ဆတ္တာရာ ကိုယ်တိုင်ကလည်း အစိုးရတွေကို ဆီလီကွန် ဗယ်လီက ကုမ္ပဏီတွေကို ကိုယ့်နိုင်ငံမှာ လာဖွင့်ဖို့ကိုပဲ အာရုံစိုက်မနေဖို့နဲ့ ကိုယ့်နိုင်ငံတွင်းက စွန့်ဦးတီထွင် လုပ်ငန်းတွေကို အားပေးဖို့အစိုးရတွေကို တိုက်တွန်းထားပါတယ်။

နိုင်ငံတွေရဲ့ ဆင်းရဲချမ်းသာကို ဆုံးဖြတ်ပေးတာက knowledge societies ဖြစ်တယ်၊ ဒီလို knowledge societies တွေကို ပိုင်းခြား ပေးထားတာက ဒီဂျစ်တယ် ပြောင်းလဲမှု ဖြစ်တယ်ဆိုတဲ့ သုတေသန စာတမ်းကို ကျွန်တော်ရဲ့ စင်ကာပူနိုင်ငံ နန်းယန် နည်းပညာ တက္ကသိုလ်က မဟာဘွဲ့အတွက် တင်သွင်းခဲ့ပါတယ်။ ဒ့ါအပြင် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာ မဟာဘွဲ့အတွက် မြန်မာနိုင်ငံ e government လုပ်ငန်းစဉ်တွေ ကိုလေ့လာ သုံးသပ်တဲ့

သုတေသန စာတမ်းပြုစု ခဲ့ပါတယ်။ ကျွန်တော်ရဲ့ အတွေ့အကြုံတွေ၊ လေ့လာခဲ့တဲ့ ပညာရပ်တွေအရ ကျွန်တော်တို့ မြန်မာနိုင်ငံက နောက်ကျနေ တယ်ဆိုတဲ့ အမှန်တရားကို လက်ခံပါတယ်။ ဒါပေမဲ့ ဒီဂျစ်တယ်ခေတ်မှာ နောက်ကျတယ်ဆိုတာ မလုပ်ရသေးတာသာ ဖြစ်ပြီး မလုပ်နိုင်ဘူးလို့ အဓိပ္ပာယ် မထွက်ပါဘူး။ ဒီစာအုပ်မှာလည်း ရဝမ်ဒါလို၊ မော်လဝီလို၊ ကင်ညာလို နိုင်ငံတွေ ဒီဂျစ်တယ်ခေတ်ပြောင်း တော်လှန်ရေးမှာ ပါဝင်ဆင်နွဲနေ ကြပြီး ဘယ်လိုတိုးတက်မှုတွေ ရနေတယ်ဆိုတာ တွေ့ရမှာပါ။

ဒါကြောင့် ကျွန်တော်တို့ တစ်နိုင်ငံလုံးရဲ့ ဒီဂျစ်တယ် ခေတ်ပြောင်း တော်လှန်ရေးကို စတင်နိုင်ဖို့အတွက် လူတစ်ဦးချင်းစီ လုပ်နိုင်တာက ဒီဂျစ်တယ် စာတတ်မြောက်ရေးနဲ့ ဒီဂျစ်တယ် နိုင်ငံသားဖြစ်ခြင်း ဖြစ်ပါတယ်။ လူတိုင်းလူတိုင်းသာ ဒီဂျစ်တယ် စာတတ်မြောက်မှု အပြည့်အဝ ရှိလာမယ်ဆိုရင် နိုင်ငံတစ်ခုရဲ့ ဒီဂျစ်တယ်ခေတ်ပြောင်း တော်လှန်ရေးက စတင်ဖို့ အဆင်သင့် ဖြစ်သွားပါပြီ။

နောက်ထပ် ထူးခြားတာ တစ်ခုက ဆတ္တရာက ဒီစာအုပ်မှာ ကိုယ်ချင်းစာတရားကို လူသားရဲ့ ထူးခြားတဲ့ အရည်အသွေးတစ်ခုအဖြစ် အထူးပြုရေးထားတာ တွေ့ရမှာပါ။ ရိုဘော့တွေမှာ မရှိနိုင်တဲ့ ကိုယ်ချင်းစာတရားကို လူသားတွေအနေနဲ့ ဘယ်လို ဆုံးဖြတ်ချက်မျိုးမှာပဲ ဖြစ်ဖြစ် ထည့်သွင်း အသုံးချကြဖို့၊ မွေးမြူကြဖို့ တိုက်တွန်းထားတာကို တွေ့ ရမှာ ပါ။

ကိုယ်ချင်းစာ တရားကနေ ယုံကြည်မှု ဖြစ်ပေါ်နိုင်တယ်။ ဒီယုံကြည်မှုက ပြုပြင်ပြောင်းလဲရေး လုပ်ငန်းတိုင်းအတွက် အခြေခံ အုတ်မြစ် ဖြစ်တယ်လို့ ဆတ္တရာ နာဒယ်လာက ယုံကြည်ပါတယ်။ အချုပ်အနေနဲ့ ပြန်လည် ဆန်းသစ်ခြင်း စာအုပ်ကို ဖတ်ပြီး မိုက်ခရိုဆော့ဖ်က သူ့ရဲ့ စိတ်ဝိညာဏ်ကို

ပြန်လည်ရှာဖွေ တွေ့ရှိခဲ့သလို ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့လည်း ကျွန်တော်တို့ရဲ့ စိတ်ဝိညာဏ်တွေကို ပြန်လည်တွေ့ရှိ နိုင်ပါစေ၊ ပြန်လည် ဆန်းသစ် နိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

***

## ဘီလ်ဂိတ်၏ အမှာစာ

ကျွန်တော် ဆတ္တာရာနာဒယ်လာနဲ့ သိတာ အနှစ် ၂၀ ကျော်ပါပြီ။ ကျွန်တော် မိုက်ခရိုဆော့ဖ်ရဲ့ စီအီးအို တာဝန်ကို ယူထားချိန် ၁၉၉၀ ပြည့် လွန် နှစ်တွေကတည်းက သူ့ကိုသိခဲ့တာပါ။ အဲဒီတုန်းက သူက ကျွန်တော် တို့ကုမ္ပဏီရဲ့ စတင်ဖြန့်ချိခါစ ဆာဗာဆော့ဝဲလ်တွေအတွက် အလုပ်လုပ် နေ တာပါ။ ကျွန်တော်တို့ ကုမ္ပဏီရဲ့ရေရှည် စီမံကိန်းကို ချမှတ်လုပ်ဆောင် ခဲ့တဲ့ အတွက် အကျိုးကျေးဇူး၂ ခု ရရှိခဲ့ပါတယ်။ ကုမ္ပဏီကို တိုးတက်မှုရစေတဲ့ စွမ်းအားစုတစ်ခု ဖြစ်ပေါ်စေခဲ့တာနဲ့ ဆတ္တာရာတို့လို မိုက်ခရိုဆော့ဖ်ကို အခုချိန်မှာ တာဝန်ယူထားတဲ့ ခေါင်းဆောင်အသစ်တွေကို မွေးထုတ်ပေးနိုင် ခဲ့တာပါ။

နောက်ပိုင်း သူ ကမ္ဘာ့အဆင့်မီ ရှာဖွေမှု အင်ဂျင်(search engine) တစ်ခု ပေါ်ပေါက်လာဖို့ အားထုတ်နေတုန်းက သူနဲ့ ကျွန်တော် နီးနီးကပ်ကပ် အလုပ်လုပ် ဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်က ကျွန်တော်တို့က ဂူဂယ်ရဲ့ နောက် မှာရောက် နေပေမဲ့ ကျွန်တော်တို့ရဲ့ ရှာဖွေမှုအင်ဂျင် ဖန်တီးရေးဌာနက သူ တွေက ရှေ့ကိုဆက်ပြီး ချီတက်နိုင်ခဲ့ပါတယ်။ ဆတ္တာရာက အသစ် ဖန်တီးတဲ့ အရာတွေကို ပြုလုပ်တဲ့ အဖွဲ့မှာ ပါဝင်ခဲ့သူ တစ်ယောက်ဖြစ်ပါ တယ်။ သူက ရိုးရိုးအေးအေးနဲ့ တိုးတက်တဲ့ အမြင်ရှိသူ အကောင်းမြင် ဝါဒီ တစ်ဦး ဖြစ်ပါတယ်။ သူက ကျွန်တော်တို့ရဲ့ ဗျူဟာနဲ့ ပတ်သက်ပြီး ပြောင် မြောက်တဲ့ မေးခွန်းတွေ ထုတ်ခဲ့သူ တစ်ယောက်ပါ။ ပြီးတော့သူက အဓိက

ပညာရှင် အင်ဂျင်နီယာတွေနဲ့ ကောင်းကောင်း လက်တွဲပြီး အလုပ်လုပ်နိုင်ခဲ့ပါတယ်။

ဒါကြောင့် ဆတ္တာရာ မိုက်ခရိုဆော့ဖ်ရဲ့ စီအီးအို ဖြစ်လာပြီး သူတာဝန်ယူလိုက်တာနဲ့ အောင်မြင်မှုတွေ ချက်ချင်းရလာတာကို ကျွန်တော် မအံ့ဩမိပါဘူး။ ဒီစာအုပ်ရဲ့ ခေါင်းစဉ်လိုပဲ သူက အတိတ်က အကြောင်းအရာတွေကို ဖယ်ရှားမပစ်ခဲ့ပါဘူး။ ခင်ဗျားတို့ရဲ့ ဘရောက်ဇာက ရီဖရက် ခလုတ်ကို နှိပ်လိုက်တဲ့အခါမှာ ပေ့ချ်မှာပေါ်နေတဲ့ တချို့အရာတွေ ဆက်ပေါ်နေသလို မျိုးပါပဲ။ ဒါပေမဲ့ ဆတ္တာရာရဲ့ ခေါင်းဆောင်မှုအောက်မှာ မိုက်ခရိုဆော့ဖ်က ဝင်းဒိုးတစ်ခုတည်းကိုပဲ မှီခိုနေရတဲ့ အခြေအနေက ပြောင်းလဲ နိုင်ခဲ့ပါတယ်။ သူကကုမ္ပဏီရဲ့ ရည်မှန်းချက်အသစ် ခိုင်ခိုင်မာမာ ချမှတ်ရာမှာ ဦးဆောင်ခဲ့ပါတယ်။ သူက စကားဝိုင်းတွေ၊ သုံးစွဲသူတွေနဲ့ ဆက်သွယ်တာတွေ၊ ထိပ်တန်း သုတေသန ပညာရှင်တွေ၊ အရာရှိတွေနဲ့ ဆက်ဆံရာတွေမှာ အမြဲပါဝင်ခဲ့ပါတယ်။ အဓိက အကျဆုံးကတော့ AI နဲ့ cloud ကွန်ပြူတင်းလိုမျိုး မိုက်ခရိုဆော့ဖ်ကို ကွဲပြားသွားစေနိုင်ခဲ့တဲ့ အနာဂတ် နည်းပညာနယ်ပယ်တွေမှာ အလောင်းအစားကြီးကြီး လုပ်နိုင်ခဲ့ပါတယ်။

ဒါက မိုက်ခရိုဆော့ဖ် တစ်ခုတည်းအတွက် မဟုတ်ဘဲ ဒစ်ဂျစ်တယ်ခေတ်မှာ အောင်မြင်မှု ရလိုတဲ့ ကုမ္ပဏီတိုင်းအတွက် ပြောင်မြောက်တဲ့ ချဉ်းကပ်မှုပဲ ဖြစ်ပါတယ်။ ကွန်ပျူတာ လောကက အခုလောက် ဘယ်တုန်းကမှ မရှုပ်ထွေးခဲ့ပါဘူး။ ဒီနေ့ခေတ်မှာ မိုက်ခရိုဆော့ဖ်အပြင် နည်းပညာ ကုမ္ပဏီကြီးတွေ ဖြစ်တဲ့ ဂူဂယ်၊ အက်ပဲလ်၊ ဖေ့ဘွတ်နဲ့ အမေဇွန်တို့က ပါတီထွင် ဆန်းသစ်မှုတွေ အများအပြား ပြုလုပ်နေကြပါတယ်။ အမေရိကားမှာတင် မဟုတ်ဘဲ တစ်ကမ္ဘာလုံးမှာ နောက်ဆုံးပေါ် နည်းပညာကို အသုံးပြုသူတွေ ရှိနေကြပါပြီ။ ပီစီဆိုတာ တစ်ခုတည်းသော တွက်ချက်မှု ပြုလုပ်တဲ့

စက်ပစ္စည်း မဟုတ်တော့တဲ့ အပြင် အသုံးပြုသူ တော်တော်များများ နေ့စဉ် သုံးစွဲနေကြတဲ့ အဓိက ပစ္စည်းတောင် မဟုတ်တော့ပါဘူး။

ကွန်ပျူတာလောကရဲ့ ရုတ်ခြည်း ပြောင်းလဲမှုတွေ အများအပြား ဖြစ်ပေါ်ခဲ့ပေမဲ့ ကျွန်တော်တို့က ဒီဂျစ်တယ်ခေတ်ပြောင်း တော်လှန်ရေးရဲ့ အစပိုင်းမှာပဲ ရှိနေပါသေးတယ်။ အသိဉာဏ်တု အေအိုင်ကိုပဲဥပမာ အနေနဲ့ ကြည့်ပါ။ အစည်းအဝေး အချိန်ဇယား ဆွဲတာကနေ ဘေလ်ပေးချေတာ အထိ နေ့စဉ်အလုပ်တွေကို လက်နဲ့ လုပ်ခဲ့ရတဲ့ အချိန်တွေကို ပြန်တွေး ကြည့်ပါ။ အနာဂတ်မှာတော့ အေအိုင် အေးဂျင့်ကခင်ဗျား အလုပ်ခွင်မှာ ရောက်နေတယ်ဆိုတာ သိပြီး အချိန်ဆယ်မိနစ် အအားရတယ်ဆိုတာ သိနေပါလိမ့်မယ်။ ပြီးရင် ခင်ဗျားရဲ့ လုပ်စရာ အလုပ်တွေထဲက အရေးအကြီးဆုံး အလုပ်ကိုလုပ်ဖို့ ကူညီပေးပါလိမ့်မယ်။ အေအိုင်က ကျွန်တော်တို့ ဘဝတွေကို ပိုပြီး တီထွင်ဆန်းသစ် နိုင်အောင်နဲ့ ပိုပြီးအလုပ်တွင်လာအောင် ကူညီပေးနိုင် တော့မှာပါ။

တီထွင် ဆန်းသစ်နိုင်ခြင်းက လူသားတွေရဲ့ တခြားနယ်ပယ်တွေကို တိုးတက်လာအောင် ကူညီပေးနိုင်ပါတယ်။ ဒါက ကမ္ဘာပေါ်က မညီမျှမှုတွေကို လျှော့ချဖို့ ကြိုးစားနေတဲ့ ကျွန်တော့်ရဲ့ ဂိတ်ဖောင်ဒေးရှင်းမှာ အကြီးမားဆုံး အစိတ်အပိုင်း တစ်ခု ဖြစ်ပါတယ်။ ဒီဂျစ်တယ် ထောက်လှမ်းရေး ကိရိယာတွေနဲ့ ဂျနက်တစ်အစီအစဉ် ပြုလုပ်ပေးနိုင်တဲ့ ကိရိယာတွေကြောင့် ပိုလီယို ရောဂါကို အမြစ်ပြတ် ချေမှုန်းနိုင်လုနီးပါး ဖြစ်နေပါပြီ။ ဒါက လူသားတွေရဲ့ ရောဂါတွေထဲက ဒုတိယမြောက် ပျောက်ကွယ်သွားတဲ့ ရောဂါဖြစ်လာတော့မှာပါ။ ကင်ညာ၊ တန်ဇန်းနီးယားနဲ့ အခြားနိုင်ငံတွေမှာ ဝင်ငွေနည်း ပြည်သူတွေဟာ ဒီဂျစ်တယ်ငွေကြေးကို အသုံးပြုပြီး ချေးငှားတာ၊ ရောင်းချတာနဲ့ စုဆောင်းတာတွေကို ဘယ်တုန်းကမှနဲ့ မတူအောင်

လုပ်နေကြပါပြီ။ အမေရိကားရဲ့ စာသင်ခန်းတွေမှာလည်း ကျောင်းသားတွေက တစ်ဦးချင်းစီ သီးသန့်သင်ကြား ပေးနိုင်တဲ့ ဆော့ဝဲလ်တွေကို အသုံးပြုပြီး ကိုယ့်ဉာဏ်ရည်နဲ့ကိုယ် လေ့လာနိုင်တဲ့အတွက် တိုးတက် ဖို့လိုအပ်တဲ့ ပညာရပ်တွေကို သုညကစပြီး သင်ကြား လေ့လာနိုင်နေပါပြီ။

နည်းပညာ အသစ်တိုင်းမှာ စိန်ခေါ်မှုတွေ ရှိစမြဲပါ။ အေအိုင် အေးဂျင့်တွေနဲ့ ရိုဘော့တွေကြောင့် အလုပ်ဆုံးရှုံးသွားသူ တွေကို ကျွန်တော်တို့ ဘယ်လို ကူညီကြမလဲ၊ အသုံးပြုသူတွေက သူတို့ရဲ့အချက်အလက် တွေအတွက် အေအိုင် အေးဂျင့်တွေကို ယုံကြည် မှာလား၊ အေအိုင် အေးဂျင့်က လူတွေရဲ့ အလုပ်လုပ်တဲ့ ပုံစံကိုအကြံပြုရင် ...

လူတွေက လိုလိုလားလား လက်ခံ မှာလား။

ဒါတွေ အားလုံးက ဒီ စာအုပ်ကိုပိုပြီး တန်ဖိုး ရှိစေတဲ့ အချက်တွေပါ။ ဆတ္တရာက ခက်ခဲ တဲ့ မေးခွန်းတွေကိုရင်ဆိုင် နေရပေမဲ့ နည်းပညာက ဖန်တီးပေးတဲ့ အခွင့်အရေးတွေကို ကောင်းကောင်း အသုံးပြုထားပါတယ်။ ပြီးတော့ သူ့ရဲ့ အံ့ဩစရာကောင်းတဲ့ ကိုယ်ရေး မှတ်တမ်းကိုလည်း ဖော်ပြထားပါတယ်။ ခင်ဗျားတို့ မျှော်လင့်ထားတာတွေထက် ပိုတဲ့အရေးအသားကောင်းကောင်းနဲ့ ရေးထားတဲ့ အကြောင်းတွေပါ။ သူ့သဘောကျ နှစ်သက်တဲ့ ကရစ်ကက် ကစားနည်းက သင်ခန်းစာ ယူစရာတွေကိုတောင် ဖော်ပြထားပါတယ်။

ကျွန်တော်တို့ အားလုံး ရောက်လာတော့မယ့် အရာတွေအပေါ် အကောင်းမြင် စိတ် ထားသင့်ပါတယ်။ ကမ္ဘာကြီးက ပိုမိုကောင်းမွန်တဲ့ ကမ္ဘာကြီးဖြစ်လာပြီး တိုးတက်မှုကလည်း ဘယ်တုန်းကနဲ့မှ မတူအောင် မြန်ဆန် နေပါပြီ။ ဒီစာအုပ် က စိတ်လှုပ်ရှားစရာ စိန်ခေါ် မှုတွေနဲ့ ပြည့် နေတဲ့ အနာဂတ်အတွက် အတွေးတွေအများကြီး ပေးနိုင်တဲ့ စာအုပ် ဖြစ်ပါတယ်။

***

# အခန်း ၁

## ဟိုက်ဒရာဘတ် မှ ရက်ဒ်မွန်သို့

ကားမတ်စ်၊ သက္ကတ ဘာသာစကား ပညာရှင်နဲ့ ကရစ်ကက် သူရဲကောင်းတို့က ကျွန်တော်ရဲ့ လူငယ်ဘဝကို ဘယ်လို ပုံဖော်ပေးခဲ့လဲ။

ကျွန်တော် မိုက်ခရိုဆော့ဖ် ကို ၁၉၉၂ မှာ စတင် ဝင်ရောက်ခဲ့ပါတယ်။ ဘာလို့လဲ ဆိုတော့ ကမ္ဘာကြီးကို ပြောင်းလဲဖို့ ရည်ရွယ်ချက် ရှိနေသူတွေနဲ့ ပြည့်နှက်နေတဲ့ ကုမ္ပဏီမှာ အလုပ်လုပ်ချင် ခဲ့လို့ပါ။ ဒါက လွန်ခဲ့တဲ့ ၂၅ နှစ်က ဖြစ်ပြီး ကျွန်တော်လုံးဝ နောင်တ မရခဲ့ပါဘူး။ မိုက်ခရိုဆော့ဖ်က PC ခေတ်ပြောင်း တော်လှန်ရေး ကိုဦးဆောင် ခဲ့ပါတယ်။ ပြီးခဲ့တဲ့ မျိုးဆက်မှာ ပြိုင်ဘက် ဆိုလို့ IBMပဲ ရှိပေမဲ့ ကျွန်တော်တို့ရဲ့ အောင်မြင်မှုက မှတ်ကျောက်တင်ထိုက် ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ ပြိုင်ဘက် အားလုံးကို နောက်မှာ အဝေးကြီး ချန်ရစ်နိုင်ခဲ့ပြီး နှစ်အနည်းငယ် အကြာမှာတော့ ပြောင်းလဲမှု တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါတယ်။ အကောင်းဘက်ကို ပြောင်းလဲခြင်း တော့ မဟုတ်ပါဘူး။ တီထွင်ဆန်းသစ်မှုတွေ နေရာမှာ ဗျူရိုကရေစီ ယန္တရားက အစားထိုးဝင်ရောက် လာပါတယ်။ အသင်းအဖွဲ့ စိတ်ဓာတ်တွေကို ဌာနတွင်း အပြိုင်အဆိုင်တွေက အစားထိုးလာပါတယ်။ ကျွန်တော်တို့ နောက်ကျ ကျန်နေပါပြီ။

ဒီလို ပြဿနာတွေ ဖြစ်နေစဉ် အတွင်းမှာ ကာတွန်းဆရာ တစ်ယောက်က မိုက်ခရိုဆော့ဖ်ရဲ့ ဖွဲ့စည်းပုံ ဇယားမှာတစ်ယောက်နဲ့ တစ်ယောက် သေနတ်နဲ့ ချိန်ထားကြပြီး ဆန့်ကျင်ဘက် လုပ်နေကြတဲ့ လူအုပ်စုနဲ့ လှောင်ပြောင်

ဖော်ပြ ခဲ့ပါတယ်။ ဟာသ ဆရာတွေရဲ့ သတင်းစကားကို လျစ်လျူရှုဖို့ မဖြစ်နိုင်ပါဘူး။ မိုက်ခရိုဆော့ဖ်ရဲ့ ၂၄နှစ် ကြာဝန်ထမ်းဟောင်း တစ်ယောက်နဲ့ အတွင်းကျကျသိသူ ကျွန်တော်အဖို့ ဒီကာတွန်းကို တော်တော်ပဲ စိတ်အနှောင့်အယှက် ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကို ပိုပြီး စိတ်ပျက်စေတဲ့ အချက်က ကျွန်တော်လူတွေကပါ ဒီကာတွန်းကို လက်ခံလိုက်ကြတာပါ။ သေချာတာပေါ့၊ ကျွန်တော် တာဝန်ယူခဲ့ရတဲ့ နေရာအသီးသီးမှာ ဒီလို သဘောတရား မညီညွတ်မှုတွေ တွေ့ကြုံ ခဲ့ ဖူးပါတယ်။ ဒါပေမဲ့ လုံးဝ ဖြေရှင်းလို့ မရနိုင်ဘူးလို့တော့ ဘယ်တုန်းကမှ မမြင်ခဲ့ ဖူးပါဘူး။ ဒါကြောင့် ၂၀၁၄ မှာ ကျွန်တော် မိုက်ခရိုဆော့ဖ်ရဲ့ တတိယမြောက် စီအီးအို ဖြစ်လာတော့ ကျွန်တော်ရဲ့ ဦးစားပေးမှုအဆင့် အမြင့်ဆုံး ကိစ္စက ကုမ္ပဏီရဲ့ ယဉ်ကျေးမှု အလေ့အထတွေကို ပြောင်းလဲပစ်ဖို့ ဖြစ်တယ်လို့ ဝန်ထမ်းအားလုံးကို ပြောခဲ့ပါတယ်။ တီထွင် ဖန်တီးမှုအတွက် အတားအဆီးအားလုံးကို ရက်ရက်စက်စက် ဖယ်ရှားပစ်ရမယ်၊ ဒါမှသာ ကမ္ဘာကြီးကို ခြားနားတဲ့နေရာ ဖြစ်ဖို့အတွက် ဒီကုမ္ပဏီကို ဝင်ရောက်လာကြတဲ့ ကျွန်တော်တို့ အားလုံးရဲ့ ရည်ရွယ်ချက်တွေ ပြန်လည်ရရှိမယ်လို့ ပြောခဲ့ပါတယ်။ မိုက်ခရိုဆော့ဖ်က လူတစ်ဦးချင်း စီရဲ့ ရှုးသွပ်မှုကို ကျယ်ပြန့်တဲ့ ရည်ရွယ်ချက်တွေ ဖြစ်ပေါ်လာအောင် ဆက်သွယ်ပေးရာမှာ အကောင်းဆုံး ဖြစ်ခဲ့ပါတယ်။ indows, office, Xbox, surface, ကျွန်တော်တို့ရဲ့ server တွေနဲ့ မိုက်ခရိုဆော့ဖ်ရဲ့ cloud တို့က လူတစ်ဦးချင်းစီနဲ့ အဖွဲ့အစည်းတွေ အတွက် သူတို့ရဲ့ အိပ်မက်တွေ တည်ဆောက်ရာ ဒီဂျစ်တယ် ပလက်ဖောင်းတွေ ဖြစ်လာကြပါပြီ။

ဒါတွေဟာ ကျွန်တော်တို့ရဲ့ အလွန်မြင့်မားတဲ့ အောင်မြင်မှုတွေပါ။ ကျွန်တော်တို့ နောက်ထပ် အများကြီးထပ်လုပ် နိုင်သေးတယ် ဆိုတာနဲ့

ဝန်ထမ်းတွေ ဘက်ကလည်း အသစ်တွေ ထပ်ဖန်တီးဖို့ ဆာလောင်နေကြတယ် ဆိုတာကို ကျွန်တော်သိပါတယ်။ ဒါတွေဟာ မိုက်ခရိုဆော့ဖ်ရဲ့ ယဉ်ကျေးမှုမှာ ကျွန်တော်ဆုပ်ကိုင် ထားချင်တဲ့ တန်ဖိုးထားတွေနဲ့ သဘာဝအတိုင်း တုံ့ပြန်မှုတွေပဲ ဖြစ်ပါတယ်။

ကျွန်တော် စီအီးအို ရာထူးက ယူပြီးခါစမှာ ကျွန်တော် ဦးဆောင် ပြုလုပ်နေတဲ့ အစည်းအဝေး တစ်ခုမှာလက်တွေ့ လေ့လာမှုတစ်ခု လုပ်ဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ အပတ်စဉ်တိုင်းမှာ ကျွန်တော်ရဲ့ အကြီးတန်းခေါင်းဆောင်မှု အဖွဲ့ဝင်တွေ တွေ့ဆုံကြပြီး အခွင့်အရေး ကောင်းတွေနဲ့ ခက်ခဲတဲ့ ဆုံးဖြတ်ချက်တွေကို ပြန်လည်သုံးသပ်တာ၊ ဦးနှောက်မုန်တိုင်းဆင် စဉ်းစားတာ၊ ငြင်းခုံ ဆွေးနွေးကြတာတွေ ပြုလုပ်ကြပါတယ်။ အကြီးတန်း ခေါင်းဆောင်းမှု အဖွဲ့ကို ပင်ကိုပါရမီ မြင့်မားကြတဲ့ အင်ဂျင်နီယာတွေ၊ သုတေသန ပညာရှင်တွေ၊ မန်နေဂျာတွေနဲ့ ဈေးကွက် ရှာဖွေသူတွေနဲ့ ဖွဲ့စည်းထားပါတယ်။ ဒီအဖွဲ့ဟာ မတူကွဲပြားတဲ့ နောက်ခံအမျိုးမျိုးရှိတဲ့ အမျိုးသားတွေ အမျိုးသမီးတွေနဲ့ ဖွဲ့စည်းထားတာပါ။ သူတို့အားလုံးဟာ နည်းပညာ ကိုချစ်မြတ် နိုးကြပြီး သူတို့ရဲ့ အလုပ်တွေက မတူကွဲပြားမှုတွေ ပြုလုပ်ပေးနိုင်တယ် ဆိုတာကို ယုံကြည်ကြလို့ မိုက်ခရိုဆော့ဖ်ကို ရောက်လာကြ သူတွေ ဖြစ်ပါတယ်။

အဲဒီအချိန်တုန်းက ဂျီအီးရဲ့ တပ်မတော် အီလက်ထရွန်းနစ် ဌာနနဲ့ ကွယ်လ်ကွန်မ်ရဲ့ အရာရှိ ဖြစ်ခဲ့ပြီး အခုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဌာနကို ဦးဆောင်နေတဲ့ ပက်ဂီ ဂျွန်ဆင်လို လူဒီအဖွဲ့မှာ ပါဝင်ပါတယ်။ အော်ရီကယ်လ်ရဲ့ အက်ပလီကေးရှင်း တည်ဆောက်သူ ဖြစ်ခဲ့ပြီး အခုအချိန်မှာ လူ့စွမ်းအားအရင်းအမြစ် ဌာနကို ဦးဆောင်နေသူ၊ ကျွန်တော်နဲ့အတူ မိုက်ခရိုဆော့ဖ် ယဉ်ကျေးမှု ပြောင်းလဲရေးမှာလက်တွဲ လုပ်ဆောင်ခဲ့သူ ကက်

သလင်း ဟိုဂန်လည်း ပါဝင်ပါတယ်။ မိုက်ခရိုဆော့ဖ်ရဲ့ သက်တမ်းကြာ ခေါင်းဆောင်ဟောင်း တစ်ယောက် ဖြစ်ခဲ့ပြီး အိုးဘားမား အစိုးရ လက်ထက် မှာ healthcare.gov အတွက် အလုပ်လုပ်ပေးဖို့ မိုက်ခရိုဆော့ဖ် ကနေ ထွက်သွားပြီးမှာ အခုအချိန်မှာ မဟာဗျူဟာပိုင်း ခေါင်းဆောင်ဖို့ ပြန် ရောက်လာသူ ကတ်ဒယ်လ်ဘိန်းလည်း ပါပါတယ်။ ယားဟူးမှာ ဆယ်နှစ် အလုပ်လုပ်ခဲ့ပြီး အခု ကျွန်တော်တို့ရဲ့ application နဲ့ business services ပိုင်းကို တာဝန်ယူနေသူ၊ အမေရိကားမှာ မူပိုင်ခွင့် ၂၀ကို ပိုင်ဆိုင်ထားသူ ကိုလူလည်း ပါပါတယ်။ ဂိုးဒင်း စမတ်ရှ်ရဲ့ ရင်းနှီးမြှုပ်နှံသူနဲ့ အခု ကျွန်တော် တို့ရဲ့ ဘဏ္ဍာရေး အမှုဆောင်အရာရှိချုပ် တာဝန်ယူထားသူ အေမီဟုဒ်၊ ကုမ္ပဏီရဲ့ ဥက္ကဋ္ဌနဲ့ ဥပဒေ အရာရှိချုပ်ဖြစ်သူ ဘရက်စမစ်တို့လည်း ပါဝင်ပါ တယ်။ ဘရက်စမစ်က ရာစုနှစ်တစ်ခု သက်တမ်းရှိပြီ ဖြစ်တဲ့ ကိုဗင်တန်နဲ့ ဘာလင်ဥပဒေ အကြံပေး ကုမ္ပဏီရဲ့ ပါတနာ ဖြစ်ခဲ့ဖူးပြီး ၁၉၈၆ မှာ သူ အလုပ်စဝင်တုန်း သူ့အလုပ်စားပွဲမှာ ပီစီထားပေးရမယ်လို့ တောင်းဆိုခဲ့တဲ့ ပထမဆုံး ရှေ့နေအဖြစ် ဒီနေ့ထိတောင် အမှတ်ရနေ ကြပါသေးတယ်။ ဒုက် တက္ကသိုလ်ကနေ ကျောင်းပြီးပြီးချင်း ကတည်းက မိုက်ခရိုဆော့ဖ်ကို ရောက်လာပြီး ကျွန်တော့်ဌာနဖြစ်တဲ့ cloud နဲ့ enterprise business ကို တာဝန် လွှဲယူခဲ့တဲ့ စကော့ဂူသရီလည်း ပါဝင်ပါတယ်။ တိုကိဆိုင်ချင်တော့ ကျွန်တော်တို့ရဲ့ windows နဲ့ device ဌာနက ဦးဆောင်သူ တယ်ရီမိုင်ရာဆင် ကလည်း ဒုက် တက္ကသိုလ်ဆင်းဖြစ်ပြီး ပထမဆုံး web software ကုမ္ပဏီ တွေထဲက တစ်ခုဖြစ်တဲ့ interse ကို တည်ထောင် ခဲ့သူဖြစ်ပါတယ်။ ကျွန်တော် တို့ရဲ့ဈေးကွက် ရှာဖွေရေး အရာရှိချုပ် ခရစ်ကာပိုဆယ်လာ ဆို ရင် မိသားစု ပိုင်အီတလီ စားသောက်ဆိုင် တစ်ခုမှာ ကြီးပြင်းခဲ့သူဖြစ်ပြီး ကျွန်တော် မိုက်ခရိုဆော့ဖ်ကို မရောက်ခင် တစ်နှစ်အလိုမှာ ဟားဗဒ်က

ဘွဲ့ရပြီးပြီးချင်း စတင်ဝင်ရောက်ခဲ့သူ ဖြစ်ပါတယ်။ ဝေါမတ်ရဲ့ COO တာဝန်ယူခဲ့ဖူးသူ ကီဗင်တန်နာက တစ်ကမ္ဘာလုံးက ရောင်းချမှုတွေကို ဦးဆောင်နေပါတယ်။ မိုက်ခရိုဆော့ဖ် ရဲ့ AI နဲ့ သုတေသန ကိုဦးစီးနေတဲ့ ဟယ်ရီရှန်း ဆိုရင် ကာနက်ဂီ မယ်လွန်ကနေ ရိုဘော့တစ် ဘာသာရပ်နဲ့ ပါရဂူဘွဲ့ရယူခဲ့သူ ဖြစ်ပြီး ကမ္ဘာ့ကွန်ပျူတာရဲ့ မြင်ကွင်းနဲ့ ဂရပ်ဖစ် နယ်ပယ်မှာ ဩဇာကြီးမားသူတစ်ဦး ဖြစ်ပါတယ်။

ကျွန်တော်ကတော့ စတိဗ် ဘောလ်မား မိုက်ခရိုဆော့ဖ်ရဲ့ စီအီးအိုတာဝန်ယူနေစဉ် ကတည်းက အဆင့်မြင့်ဦးဆောင်မှု အဖွဲ့ (SLT) ရဲ့ အဖွဲ့ဝင် တစ်ဦး ဖြစ်ပြီး အဖွဲ့ဝင်တိုင်းကို လေးစားမှု ရှိခဲ့ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီရဲ့ ခေါင်းဆောင်တွေအဖြစ် ကျွန်တော်တို့ရဲ့ အလုပ်တာဝန်နဲ့ တစ်ဦးချင်းစီရဲ့ ပုဂ္ဂိုလ်ရေး ဒဿနတို့ ကိုဘာက ဆက်သွယ်ပေးနေသလဲ ဆိုတာကို ရှာဖွေနိုင်ဖို့ အတွက် ကျွန်တော်တို့ တစ်ဦးအပေါ်တစ်ဦးရဲ့ နားလည်မှုက နက်နက်ရှိုင်းရှိုင်း ဖြစ်ပေါ်ဖို့ လိုအပ်တယ်လို့ ခံစားမိပါတယ်။ ကျွန်တော်တို့ကို သရော်ထားတဲ့ တစ်ဦးနဲ့တစ်ဦး ချိန်ရွယ်ထားတဲ့ သေနတ်တွေကို ဘေးချပြီး ကျွန်တော်တို့ရဲ့ စုပေါင်းဉာဏ်ရည်နဲ့ စွမ်းအားတွေကို ရည်ရွယ်ချက် အသစ်အဖြစ် ပြောင်းလဲနိုင်မယ်ဆိုရင် ဘီလ်နဲ့ ပေါလ်တို့ကို ပထမဆုံး လှုံ့ဆော်ပေးနိုင်ခဲ့တဲ့ နောက်ဆုံးပေါ် ကွန်ပျူတာ နည်းပညာတွေကို ဒီမိုကရေစီသဘောတရားအဖြစ် ပြောင်းလဲခြင်းဆိုတဲ့ အိပ်မက်ကို ပြန်လည်ရယူ နိုင်မယ်ဆိုတာ ကျွန်တော် သိပါတယ်။

ကျွန်တော် စီအီးအို မဖြစ်ခင်လေးမှာပဲ ကျွန်တော်တို့ရဲ့ အိမ်ခံဘောလုံးအသင်းဖြစ်တဲ့ ဆီရက်တဲ စီးဟောက်စူပါ ဘိုးလ်ဖလားမှာ အနိုင်ရရှိ ခဲ့ပြီး ဒီအသင်းရဲ့ အကြောင်းက ကျွန်တော်တို့ တော်တော်များများကို စိတ်ဓာတ်တက်ကြွမှု ပေးနိုင်ခဲ့ပါတယ်။ စီးဟောက် အသင်းရဲ့ နည်းပြဖြစ်သူ ပိကာရိုး

လ်က စွမ်းဆောင်ရည် မြင့်မားလာဖို့အတွက် စိတ်တည်ငြိမ်မှု လေ့ကျင့်ခန်းတွေ ပြုလုပ်ပေးနိုင်တဲ့ စိတ်ပညာရှင် မိုက်ကယ် ဂါးဗစ်ကို ငှားရမ်းအသုံးပြုခဲ့တဲ့အတွက် သူ့အပေါ်ကျွန်တော် အာရုံစိုက် မိလာပါတယ်။ ဒီအကြောင်းကာကြားလိုက်ရရင် ဘုရားသခင်ဆီမှာ ဆုတောင်းတဲ့ ကွန်ဘာယာ ဆုတောင်းမှုလို့ ထင်ကြမှာပါ။ ဒါပေမဲ့ ဒီအကြောင်းအရာနဲ့ အဝေးကြီးပါ။ ဒေါက်တာ ဂါးဗစ်က စီးဟောက် အသင်းသားတွေရဲ့ စိတ်အခြေအနေကို အာရုံစိုက်ပြီး ကစားပွဲ အတွင်းမှာရော အပြင်မှာပါ အောင်မြင်မှုတွေ ရအောင် နည်းပြနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ကလည်း အားကစား သမားတွေလိုပဲ ကျွန်တော်တို့နဲ့ သက်ဆိုင်တဲ့ အန္တရာယ်ကြီးမားပြီး အကျိုးဆက်များတဲ့ ပတ်ဝန်းကျင်ကို ထိန်းချုပ်မောင်းနှင် ရပါတယ်။ ဒေါက်တာဂါးဗစ်ရဲ့ နည်းလမ်းတွေကနေ ကျွန်တော့်အဖွဲ့အတွက် လေ့လာစရာတွေ အများကြီး ရှိနေမယ်လို့ ထင်ပါတယ်။

သောကြာနေ့ရဲ့ မနက်စောစောတစ်ခုမှာ အဆင့်မြင့် ခေါင်းဆောင်မှု (SLT) အဖွဲ့ဝင်တွေ စုဝေး ကြပါတယ်။ ဒီအချိန်တစ်ခုပဲ ကျွန်တော်တို့ရဲ့ အရာရှိအစည်းအဝေး ခန်းထဲမှာလို တည်တည်ကြည်ကြည် နေဖို့မလိုအပ်တာပါ။ ကျွန်တော်တို့ဟာ ဂိမ်းနဲ့ အက်ပလီကေးရှင်း တီထွင်သူတွေ မကြာခဏ လာလေ့ရှိတဲ့ ကမ်းပတ်စ်နဲ့ ခပ်ဝေးဝေး ပိုပြီး စိတ်လက်သက်သာရာ နေရာတစ်ခုမှာ စုဝေးကြပါတယ်။ ဒီနေရာဟာလာဟင်းလင်းနဲ့ လေတဖြူးဖြူးတိုက်နေပြီး လွတ်လွတ်လပ်လပ် နေနိုင်တဲ့ နေရာဖြစ်ပါတယ်။ ပုံမှန်အလုပ်လုပ်နေကြ စားပွဲတွေ ထိုင်ခုံတွေလည်း မရှိပါဘူး။ အဆုံးမရှိ ဝင်လာတဲ့ အီးမေးလ်တွေ သတင်းတွေကို စောင့်ကြည့်ဖို့ မော်နီတာတွေ ကွန်ပျူတာတွေ တပ်ရမယ့် နေရာလည်း မရှိပါဘူး။ ကျွန်တော်တို့ရဲ့ ဖုန်းတွေကိုလည်း လိုင်းမမိနိုင်တဲ့ ဘောင်းဘီ အိတ်ထောင်တွေ၊ အိပ်တွေ၊ ကျောပိုးအိတ်တွေထဲ မှာ

ထည့်ထားပါတယ်။ ကျွန်တော်တို့အားလုံး သက်သောင့်သက်သာရှိတဲ့ ထိုင်ခုံပေါ်မှာ စက်ဝိုင်းပုံဝိုင်းပြီး ထိုင်ပါတယ်။ ပုန်းကွယ်စရာ နေရာလည်း မရှိပါဘူး။ ကျွန်တော်က ကောက်ချက်ချမှုတွေ အားလုံးကို ရပ်တန့်ထားပြီး ဒီအခိုက်အတန့်လေးကိုပဲ အာရုံစိုက်ဖို့ ပြောရင်းနဲ့ အစည်းအဝေးကို စတင် လိုက်ပါတယ်။ ကျွန်တော့်မှာ မျှော်လင့်ချက် အပြည့်ရှိနေပေမဲ့ တဏှာခုခု အပေါ်ကိုလည်း စိုးရိမ်စိတ် ဝင်နေပါတယ်။

ပထမဆုံး လေ့ကျင့်ခန်းအဖြစ် ဒေါက်တာ ဂါးဗစ်က ကျွန်တော်တို့ အားလုံးကို ပုံမှန်မဟုတ်တဲ့ တစ်ဦးချင်း အတွေ့အကြုံတွေကို စိတ်ဝင်စား သလားလို့ မေးပါတယ်။ ကျွန်တော်တို့အားလုံး ခေါင်းညိတ်လိုက်ကြပါ တယ်။ ပြီးတာနဲ့ သူက ဖော်လန်တီယာ တစ်ယောက်ကို မတ်တတ်ရပ်ပေးဖို့ ပြောလိုက်ပါတယ်။ ဘယ်သူမှ ထမရပ်ကြပါဘူး။ ဒါက တိတ်ဆိတ်နေပြီး ရှုးကြောင်ကြောင်နိုင်တဲ့ အခိုက်အတန့် တစ်ခုပါ။ ကျွန်တော်တို့ရဲ့ ဘဏ္ဍာရေးအရာရှိ အေမီဟုဒ်က ထရပ်လိုက်ပြီး သူ့ကို စကားလုံးနဲ့ နံပါတ် တွေ တွဲဖက်ရွတ်ဆို နိုင်မလားလို့ စိန်ခေါ်မှုတစ်ခု ပြုလုပ်လိုက်ပါတယ်။ A1B2C3 ဆိုပြီး ဆက်ရွတ် သွားရမှာပါ။ ဒါပေမဲ့ ဒေါက်တာ ဂါးဗစ်က ဘာ ကြောင့် ဘယ်သူမှ ထမရပ်ကြတာလဲ ဆိုတာကို စိတ်ဝင်စားသွားပါတယ်။ ဒါကအရမ်း စွမ်းဆောင်ရည်မြင့်မားတဲ့ အဖွဲ့တစ်ခုမဟုတ်လား၊ လူတိုင်းက ပုံမှန်မဟုတ်တာ တစ်ခုခု လုပ်ချင်တယ်လို့ ပြောခဲ့ကြတာ မဟုတ်လား၊ ဖုန်း တွေ ကွန်ပျူတာတွေ ရှိမနေတဲ့အတွက် ကျွန်တော်တို့အားလုံး ကိုယ့်ဖိနပ်ကို ငုံ့ကြည့်လိုက်မိကြပြီး ကိုယ့်ဘေးက လူကိုပဲ စိတ်လှုပ်ရှားစွာနဲ့ ပြုံးပြမိကြပါ တယ်။ အဖြေက မျက်နှာပြင်ရဲ့ အောက်နားလေးတင် ရှိနေတာတောင် ဆွဲထုတ်ပြဖို့ ခက်ခဲနေပါတယ်။ လှောင်ပြောင်ခံရမှာနဲ့ မှားယွင်းမှာကို ကြောက်တဲ့ အကြောက်တရား၊ အားလုံးထဲမှာ ဉာဏ်အကောင်းဆုံး သူတစ်

ယောက်လို ဖြစ်နေမှာကို ကြောက်တဲ့ အကြောက်တရား ကြောင့်ပဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ "ငါ့လိုလူက ဒီလိုဂိမ်းကစားရမှာလား၊ ဘယ်လောက်တောင် အသုံးမကျတဲ့ မေးခွန်းလဲ၊ အစရှိတဲ့ ကျွန်တော်တို့ ကြီးပြင်းရာတစ်လျှောက်လုံး ကြားခဲ့ရတဲ့ မေးခွန်းတွေကို ဖြစ်ပေါ်စေတဲ့ မာနတရားကြောင့်ပါ။

ဒါပေမဲ့ ဒေါက်တာ ဂါးဗစ်က အရမ်း အားပေးအားပေးတတ်သူ တစ်ဦးပါ။ ကျွန်တော်တို့ အားလုံး ဖိအားတွေလျော့ပြီး ရယ်ရယ်မောမော ဖြစ်လာပါတယ်။ အပြင်ဘက်မှာတော့ ကျွန်တော်တို့ တစ်ယောက်ပြီး တစ်ယောက် စကားပြောနေချိန်မှာ မနက်ခင်းရဲ့ အရောင်က အညိုရောင်ကနေ နွေရာသီနေမင်းကြောင့် တောက်ပလာနေပါပြီ။

ကျွန်တော်တို့အားလုံး ကိုယ့်ရဲ့ ပြင်းပြတဲ့ဆန္ဒတွေနဲ့ ဒဿနတွေကို မျှဝေကြပါတယ်။ အိမ်မှာရောအလုပ်မှာပါ ကျွန်တော်တို့က ဘယ်လိုလူမျိုးတွေ ဖြစ်တယ်ဆိုတာကို ပြန်သုံးသပ်ဖို့ ကျွန်တော်တို့ကို ပြောပါတယ်။ ကျွန်တော်တို့ရဲ့ လုပ်ငန်းခွင်ပုံရိပ်နဲ့ ဘဝရဲ့ပုံရိပ်တွေကို ဘယ်လို ဆက်သွယ်မလဲ၊ ကျွန်တော့်အဖွဲ့သားတွေက သူတို့ရဲ့ ယုံကြည်မှုတွေ၊ ကက်သလစ်ဘာသာဝင် ဖြစ်ခြင်းရဲ့ မူလအကြောင်းတရားတွေ၊ ကွန်ဖြူးရှပ်ရဲ့ သင်ကြားမှုကို လေ့လာခဲ့ရတာတွေ၊ မိဘတစ်ယောက်အဖြစ် ရုန်းကန်ရတဲ့ အခက်အခဲတွေနဲ့ လူတွေရဲ့ အလုပ်နဲ့ ဖျော်ဖြေမှုမှာ အသုံးချတဲ့ ပစ္စည်းတွေ ထုတ်လုပ်ရာမှာ သူတို့ရဲ့ မပြီးဆုံးနိုင်တဲ့ အားထည့်လုပ်ဆောင်မှုတွေ အကြောင်း ပြောကြပါတယ်။ ကျွန်တော် နားထောင်နေရင်းနဲ့ ကျွန်တော် မိုက်ခရိုဆော့ဖ်မှာ ရှိနေတဲ့ နှစ်တွေအတွင်း ကျွန်တော့်လုပ်ဖော်ကိုင်ဘက်တွေ အလုပ်ကိစ္စ မဟုတ်ဘဲ သူတို့အကြောင်း သူတို့ပြောကြတာ ဒါက ပထမဆုံးအကြိမ်ပဲဆိုတာ သဘောပေါက်လာပါတယ်။ အခန်း

ပတ်ပတ်လည်ကို ကြည့်လိုက်တော့ မျက်ရည်ဝဲနေတဲ့ မျက်လုံးအချို့ကို တောင် တွေ့ရပါတယ်။

ကျွန်တော့်အလှည့် ရောက်တဲ့အခါမှာတော့ စိတ်ခံစားမှု အပြည့်နဲ့ စကား စပြောပါတယ်။ ကျွန်တော်က ကျွန်တော့်ရဲ့ အလုပ်၊ မိဘ၊ ဇနီး၊ ကလေးတွေ နဲ့ ကျွန်တော့်ဘဝအကြောင်းစဉ်းစား နေမိပါတယ်။ ဒီနေရာကို ရောက်ခဲ့ဖို့ ခရီးရှည်ကြီး ဖြတ်သန်း ခဲ့ရတာပါ။ ကျွန်တော့်ရဲ့ စိတ်အစဉ်က အစောပိုင်း နေ့ရက်တွေဆီကို ပြန်ရောက်သွားပါတယ်။ အိန္ဒိယက ကလေးတစ် ယောက်၊ ဒီနိုင်ငံကို ပြောင်းရွှေ့လာတဲ့ လူငယ်တစ်ယောက်၊ အိမ်ထောင်ဖက် တစ်ယောက်နဲ့ အထူးလိုအပ်ချက် ရှိနေတဲ့ ကလေးကလေး တစ်ယောက်ရဲ့ ဖခင်တစ်ယောက်၊ ကမ္ဘာပေါ်မှာရှိတဲ့ ဘီလီယံနဲ့ချီတဲ့ လူတွေဆီ ရောက်သွား မယ့် နည်းပညာတွေကို တီထွင်ဖန်တီးနေသူ အင်ဂျင်နီယာတစ်ယောက်၊ ပြီးတော့ ခရစ်ကတ် ကစားနည်းကို ရူးသွပ်ပြီး အချိန်တော်တော် ကြာ ကတည်းက အိပ်မက် မက်ခဲ့တဲ့ ခရစ်ကတ်နဲ့ အသက်မွေးတဲ့ ကစားသမား တစ်ယောက်အဖြစ် ဘဝတွေကို တွေးနေမိပါတယ်။

ကျွန်တော့်ရဲ့ ဒီအစိတ်အပိုင်း အားလုံး ကျွန်တော့်ရဲ့ အခန်းကဏ္ဍအသစ်နဲ့ အတူတူ ပါလာကြပါတယ်။ မိုက်ခရိုဆော့ဖ်မှာ အလုပ်လုပ် နေကြသူ အားလုံးနဲ့ အဲဒီနေ့က ဒီအခန်းထဲမှာ ရှိနေကြသူအားလုံးကို တောင်းဆို လိုက်တဲ့ ကျွန်တော်တို့ရဲ့ စိန်ခေါ်မှုတွေလိုပဲ ကျွန်တော့်ရဲ့ ပြင်းပြတဲ့ စိတ် ဆန္ဒ၊ စွမ်းရည်နဲ့ တန်ဖိုးထားတွေ အားလုံးကို တောင်းဆိုနေတဲ့ အခန်း ကဏ္ဍအသစ် ဖြစ်ပါတယ်။

ကျွန်တော်တို့ အားလုံးက နက်နဲတဲ့ အဓိပ္ပာယ်မရှိဘဲနဲ့ အလုပ်ပေါ်မှာပဲ အချိန်တွေ အများကြီး ပေးနေနေကြတယ်လို့ သူတို့ကို ပြောလိုက်ပါတယ်။ ကျွန်တော်တို့ တစ်ဦးချင်းစီရဲ့ ရပ်တည်ချက် တွေကို ဒီကုမ္ပဏီရဲ့ လုပ်နိုင်စွမ်း

နဲ့ ကျွန်တော်တို့ ဆက်သွယ်လိုက်မယ်ဆိုရင် ကျွန်တော်တို့ ရရှိနိုင်တဲ့ အောင်မြင်မှု သေးငယ်နေမှာပါ။ ကျွန်တော် မှတ်မိသလောက်ဆိုရင် ကျွန်တော်က လေ့လာသင်ယူဖို့ အမြဲပဲ ဆာလောင်နေပါတယ်။ ကဗျာတစ်ပုဒ်က စာတစ်ကြောင်းကို ဖြစ်ဖြစ်၊ မိတ်ဆွေတစ်ယောက်နဲ့ စကားစမြည် ပြောနေတဲ့ထဲက ဖြစ်ဖြစ်၊ ဒါမှမဟုတ် ဆရာတစ်ယောက်ရဲ့ သင်ခန်းစာကိုပဲ ဖြစ်ဖြစ် အမြဲပဲ လေ့လာသင်ယူလိုစိတ် ရှိခဲ့ပါတယ်။ မတူညီတဲ့ အတွေ့အကြုံတွေကနေ ဖွံ့ဖြိုးလာတဲ့ ကျွန်တော့်ရဲ့ ခံယူချက်နဲ့ ပြင်းပြတဲ့ စိတ်ကတော့ အတွေးအမြင် အသစ်တွေကို အခြားသူတွေ အပေါ် တိုးပွားလာတဲ့ ကိုယ်ချင်းစာစိတ်နဲ့အတူ ဆက်သွယ်ပေးနိုင်ဖို့ ဖြစ်ပါတယ်။ အတွေးအမြင် သစ်တွေက ကျွန်တော့်ကို စိတ်လှုပ်ရှား စေပါတယ်။ ကိုယ်ချင်းစာတရား ကတော့ ကျွန်တော့်ရဲ့ ဗဟိုချက်အဖြစ် နက်နက်နဲနဲ တည်ရှိနေပါတယ်။

ဖြစ်ချင်တော့ လွန်ခဲ့တဲ့ အနှစ် ၂၀ က မိုက်ခရိုဆော့ဖ်မှာ ကျွန်တော် အလုပ်လုပ်ဖို့ အခွင့်အရေးကို စွန့်လွှတ်ရမလိုဖြစ်ခဲ့တဲ့ အကြောင်းရင်း တစ်ခုက ကိုယ်ချင်းစာတရား ကင်းမဲ့ခြင်းကြောင့် ဖြစ်နေပါတယ်။ ဆယ်စုနှစ်တွေ အကြာက ကျွန်တော့်ရဲ့ အင်တာဗျူးကို ပြန်စဉ်းစား ကြည့်တော့ အင်ဂျင်နီယာ ဌာနတွေရဲ့ ခေါင်းဆောင်အသီးသီး က ကျွန်တော့်ရဲ့ ဉာဏ်ရည်နဲ့ လုပ်နိုင်စွမ်းကို တစ်နေကုန် စစ်ဆေးမေးမြန်း အပြီးမှာ ခရေနီယမ် ဂိမ်းတွေကို တီထွင်ခဲ့တဲ့ မန်နေဂျာ တစ်ယောက်ဖြစ်တဲ့ ရစ်ချက်တိတ်နဲ့ ဆုံတွေ့ခဲ့ရတာကို မှတ်မိနေပါသေးတယ်။ ရစ်ချက်က ပိုက်ဘုတ်ပေါ်မှာ ကျွန်တော့်ကို အင်ဂျင်နီယာဆိုင်ရာ ပြဿနာတွေနဲ့ ရှုပ်ထွေးတဲ့ကုဒ်တွေကို ဖြေရှင်းဖို့ မပြောခဲ့ပါဘူး။ သူက ကျွန်တော့်ရဲ့ ပညာအရည်အချင်းရော အရင် အလုပ်အတွေ့အကြုံ တွေကိုလည်း မမေးပါဘူး။ သူက အရမ်းရိုးရှင်းတဲ့ မေးခွန်း

တစ်ခုကိုပဲ မေးပါတယ်။

"မင်း ကလေးတစ်ယောက် လမ်းပေါ်မှာလဲနေတာကို တွေ့မယ်၊ ကလေး ကလည်း ငိုနေတယ်ဆိုရင် မင်းဘာလုပ်မလဲ" လို့ မေးပါတယ်။

"၉၁၁ ကို ဖုန်းခေါ် မှာပေါ့" လို့ ကျွန်တော် ဘာမှ စဉ်းစားမနေဘဲ ဖြေ လိုက်ပါတယ်။

ရစ်ချက်က ကျွန်တော့်ကို အခန်းအပြင်ဘက်ကို လိုက်ပို့ရင်းနဲ့ ကျွန်တော့် ပခုံးပေါ်ကို လက်တင်လိုက်ပြီး "မင်းမှာ ကိုယ်ချင်းစာတရားရှိဖို့ လိုအပ် တယ်၊ ကလေးက လမ်းပေါ်မှာ လဲနေပြီး ငိုနေတာကို တွေ့ရင် ကလေးကို အရင်ဆုံး ကောက်ချီရမှာပေါ့" လို့ ပြောပါတယ်။

ဒါပေမဲ့ ကျွန်တော် အလုပ်ရခဲ့ပါတယ်။ ရစ်ချက်ရဲ့ စကားလုံးတွေက ကျွန် တော့်ကို ဒီနေ့ထိ အမှတ်ရနေစေပါတယ်။ အဲဒီတုန်းကတော့ ကျွန်တော့် အနေနဲ့ ကိုယ်ချင်းစာတရား အကြောင်းကို ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေမှာပါ လေ့လာသင်ယူရတော့မယ်ဆိုတာ မသိခဲ့ပါဘူး။

နှစ်အနည်းငယ် အကြာမှာ ကျွန်တော်တို့ရဲ့ ပထမဆုံးကလေး ဇိန်းမွေးဖွား လာခဲ့ပါတယ်။ ကျွန်တော့်ဇနီးအာနူးရော ကျွန်တော်ရောက ကျွန်တော်တို့ မိဘတွေရဲ့ တစ်ဦးတည်းသော သားသမီးတွေပါ။ ဒါကြောင့် ဇိန်းရဲ့ မွေးဖွား မှုက အားလုံးကို မျှော်လင့်တကြီး ဖြစ်စေမယ်ဆိုတာ စဉ်းစားကြည့်လို့ ရပါ တယ်။ အာနူးက သူ့အမေရဲ့ အကူအညီနဲ့ ကလေးအတွက် ကျန်းမာပြီး ပျော် ရွှင်စရာ ကောင်းမယ့် အိမ်အဖြစ် ပြင်ဆင်ပါတယ်။ ကျွန်တော်တို့ အားလုံး ကို လွှမ်းမိုးနေတဲ့ ဗဟိုချက်က အာနူးက သူ့ရဲ့ မီးဖွားခွင့်ကနေ လျင်လျင်မြန် မြန် တိုးတက်မှုရနေတဲ့ သူ့ရဲ့ဗိသုကာ အလုပ်ကို ဘယ်လောက် မြန်မြန် ပြန်သွားမလဲဆိုတဲ့ အချက်ဖြစ်ပါတယ်။ အခြားမိဘတွေလိုပဲ ကျွန်တော်တို့ မိဘဖြစ်လာချိန်မှာ ကျွန်တော်တို့ရဲ့ အားလပ်ရက်တွေ အပျော်ခရီးစဉ်တွေ

ဘယ်လို ပြောင်းလဲသွားမလဲ ဆိုတာကို တွေးခဲ့ကြပါတယ်။

ဇိန်းကိုယ်ဝန်ရဲ့ ၃၆ ပတ်မြောက် တစ်ညမှာ အာနူးက သူ့ကလေးက ခါတိုင်းလို လှုပ်ရှားမှု မရှိတာကို သတိထားမိခဲ့ပါတယ်။ ဒါကြောင့် ဘဲလီဗူးက ဆေးရုံရဲ့ အရေးပေါ်ဌာနကို ကျွန်တော်တို့ သွားခဲ့ပါတယ်။ ကျွန်တော်တို့က မိဘအသစ်တွေရဲ့ စိတ်ပူပန်မှု တစ်ခုပဲဖြစ်ပြီး ပုံမှန် စစ်ဆေးမှုတွေပဲ ပြုလုပ်ရမယ်လို့ ထင်ခဲ့ပါတယ်။ တကယ်တော့ အရေးပေါ်ဌာနမှာ စိတ်ပျက်စရာကောင်းလောက်အောင် စောင့်ဆိုင်းနေရတဲ့ အချိန်ကို ကျွန်တော် ကောင်းကောင်း မှတ်မိ နေပါသေးတယ်။ ဒါပေမဲ့ စစ်ဆေးမှု အပြီးမှာ ဆရာဝန်တွေက အရေးပေါ်ဗိုက်ခွဲ မွေးဖွားမှု ပြုလုပ်ဖို့ လိုပြီလို့ အကြောင်းကြား လာပါတယ်။ ဇိန်းကို ၁၉၉၆ ဩဂုတ် လ ၁၃ရက် ည ၁၁ နာရီ၂၉ မိနစ် မှာ မွေးဖွားခဲ့ပါတယ်။ သူ့အလေးချိန်က ၃ ပေါင်ပဲရှိပြီး မွေးခါစမှာ သူ မငိုခဲ့ပါဘူး။

ဇိန်းကို ဘဲလီဗျူး ဆေးရုံကနေ ဝါရှင်တန်ကန်ရဲ့ တစ်ဖက်ခြမ်းမှာရှိတဲ့ ဆီရက်တဲလ် ကလေးဆေးရုံရဲ့ မွေးကင်းစ ကလေးအထူးကြပ်မတ် ကုသဆောင်ကို ပြောင်းရွှေ့ခဲ့ပါတယ်။ အာနူးကတော့ သူ့ရဲ့ခက်ခဲတဲ့ မွေးဖွားမှုကနေ ပြန်ပြီးကျန်းမာ လာပါပြီ။ ကျွန်တော်က သူနဲ့ ဆေးရုံမှာ တစ်ညလုံး အတူရှိနေပေးပြီး နောက်မနက်မှာ ဇိန်းကို သွားကြည့်ပါတယ်။ ကျွန်တော်တို့ရဲ့ ဘဝတွေ ပြင်းပြင်းထန်ထန် ပြောင်းလဲသွားတော့မယ် ဆိုတာကို ကျွန်တော် မသိခဲ့ပါဘူး။ နောက်နှစ် အနည်းငယ် ကြတော့မှ မိခင်ဗိုက်ထဲမှာ ရှိစဉ် အောက်ဆီဂျင် ပြတ်လတ်မှုကြောင့် ဇိန်းရဲ့ ဦးနှောက် ပျက်စီးသွားတဲ့ အတွက် ကျွန်တော်တို့အပေါ်ပဲ အမြဲမှီခိုနေရတော့မှာ ဖြစ်ပြီး လက်တွန်းလှည်း ပေါ်မှာပဲ အမြဲနေရတော့မယ် ဆိုတာ သိလာပါတယ်။ ကျွန်တော့်အတွက်တော့ စိတ်နှလုံး ကြေကွဲစရာ အဖြစ်အပျက်ပါ။ ဒါပေမဲ့

ကျွန်တော်နဲ့ အာနူးအတွက် ဖြစ်လာတဲ့ အဖြစ်အပျက်တွေအပေါ် အဓိက ဝမ်းနည်းမိတာပါ။ ကျေးဇူးတင်ဖို့ ကောင်းတာက အာနူးက ဒါဟာ ကျွန်တော့်အပေါ် ဖြစ်ခဲ့တဲ့ အဖြစ်အပျက် မဟုတ်ဘူး ဆိုတာကို ကျွန်တော် နားလည်နိုင်အောင် ကူညီခဲ့ပါတယ်၊ ဒါက ဇိန်းရဲ့ အဖြစ်အပျက်ကို နက်နက်နဲနဲ နားလည်ပေးခြင်းနဲ့ ကျွန်တော်တို့ဘက်က မိဘတစ်ယောက်ရဲ့ တာဝန်ကိုယူပြီး သူ့ရဲ့ နာကျင်မှုနဲ့ သူ့အခြေအနေအပေါ် ကိုယ်ချင်းစာတရား ထားပေးခြင်း ဖြစ်ပါတယ်။

ခင်ပွန်း ယောက်ျားတစ်ယောက်နဲ့ ဖခင်တစ်ယောက် ဖြစ်လာရတာက ကျွန်တော့်အတွက် စိတ်ခံစားမှုများစေတဲ့ ခရီးစဉ်တစ်ခု လိုပါပဲ။ ဒီ အဖြစ်အပျက်က စွမ်းရည်အမျိုးမျိုး ရှိကြတဲ့ လူတွေအပေါ် နားလည်နိုင်စွမ်း ကို ဖြစ်ပေါ်စေပြီး ချစ်ခြင်းမေတ္တာနဲ့ လူသားရဲ့ ထိုးထွင်းဉာဏ်က ဘယ်လို အရာတွေကို ရရှိစေနိုင်သလဲ ဆိုတာကို သိလာပါတယ်။ အိန္ဒိယနိုင်ငံသား ကျော်ကြားတဲ့ ဂေါတမဗုဒ္ဓရဲ့ သင်ကြားမှုတွေကိုလည်း ကျွန်တော် ရှာဖွေ တွေ့ရှိ ခဲ့ပါတယ်။ ကျွန်တော်က ဘာသာရေးသမား တစ်ယောက် မဟုတ်ပါ ဘူး။ ဒါပေမဲ့ အိန္ဒိယမှာ စတင်ခဲ့ပေမဲ့ ဘာကြောင့် အိန္ဒိယက လူအနည်းငယ် ကပဲ ဗုဒ္ဓရဲ့ နောက်လိုက်တွေ ဖြစ်လာကြတယ် ဆိုတာကို ကျွန်တော် စူးစမ်း ချင်လာပါတယ်။ ဗုဒ္ဓက ကမ္ဘာ့ဘာသာတရား တစ်ခုတည်ထောင်ခဲ့တာ မဟုတ်ဘူးဆိုတာ သိလာပါတယ်။ သူကလူတွေ ဘာကြောင့် ဒုက္ခနဲ့ ကြုံတွေ့ နေကြရတယ် ဆိုတာကို ပြသခဲ့တာပါ။ ဘဝရဲ့ အနိမ့်အမြင့်တွေကတစ်ဆင့် ကိုယ်ချင်းစာတရား ဖြစ်ပေါ်နိုင်တယ် ဆိုတာကို သဘောပေါက်လာပါ တယ်။ လူတွေအတွက် ဆင်းရဲဒုက္ခ မကြုံတွေ့ချင်ရင် ဒါမှမဟုတ် အနည်းဆုံးတော့ ဒုက္ခဆင်းရဲ နည်းနည်းပဲ ကြုံတွေ့ချင်တယ်ဆိုရင် မတည် မြဲခြင်း သဘောတရားကို လက်ခံယုံကြည် ရပါမယ်။ ရှေ့ပိုင်း နှစ်တွေမှာ ဇိ

န်း‌ရဲ့ အခြေအနေကြောင့် ကျွန်တော့်ရဲ့ စိတ်အနှောင့်အယှက် ဖြစ်မှုက ဘယ်လောက်တောင် တည်မြဲခိုင်ခံ့ နေတယ်ဆိုတာ ကျွန်တော် ကောင်းကောင်း မှတ်မိနေပါတယ်။ ဒါပေမဲ့ အရာအားလုံးက ပြောင်းလဲနေပါတယ်။ သင်က မတည်မြဲခြင်း သဘောတရားကို နက်နက်နဲနဲ နားလည်တယ်ဆိုရင် သင့်ဆီမှာ စိတ်ငြိမ်းချမ်းမှု ဖြစ်ပေါ်လာမှာပါ။ ဘဝရဲ့ အနိမ့်အမြင့် အတက်အကျတွေ အပေါ်အရမ်း စိတ်လှုပ်ရှားမိမှာ မဟုတ်တော့ပါဘူး။ အဲဒီအချိန်ကြရင် သင့်ပတ်ဝန်းကျင်က အရာအားလုံးအပေါ် ချစ်ခြင်းမေတ္တာနဲ့ ကိုယ်ချင်းစာတရား ဖြစ်ပေါ်လာပါလိမ့်မယ်။ ကျွန်တော့်လို ကွန်ပျူတာ သိပ္ပံပညာရှင်တစ်ယောက်က ဒီလိုဘဝအတွက် တိကျသေသပ်တဲ့ ညွှန်ကြားချက်တွေကို သဘောကျပါတယ်။

ကျွန်တော့်ကို တစ်မျိုးမထင်ပါနဲ့။ ကျွန်တော်က ပြီးပြည့်စုံနေသူ မဟုတ်သလို ဉာဏ်အလင်းပေါက်ပြီး နိဗ္ဗာန်နဲ့ နီးစပ်နေသူတစ်ဦး မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့ ဘဝအတွေ့အကြုံတွေက အမြဲကျယ်ပြန့်နေတဲ့ ကျွန်တော့်ပတ်ဝန်းကျင်က လူတွေအပေါ် ကိုယ်ချင်းစာတရား ထားနိုင်ဖို့ ကူညီပေးလိုက်တာ သာဖြစ်ပါတယ်။ ကျွန်တော့်မှာ မသန်စွမ်း ဖြစ်နေသူတွေအပေါ် ကိုယ်ချင်းစာစိတ် ရှိပါတယ်။ အာရှ၊ အာဖရိကနဲ့ လက်တင် အမေရိကရဲ့ ဖွံ့ဖြိုးဆဲ နိုင်ငံတွေက ပင်ပင်ပန်းပန်း အသက်မွေး နေရသူတွေအပေါ် ကိုယ်ချင်းစာနိုင်ပါတယ်။ အောင်မြင်ဖို့ ကြိုးစားနေတဲ့ လုပ်ငန်းအသေးလေးတွေရဲ့ ပိုင်ရှင်တွေအပေါ် ကိုယ်ချင်းစာတရား ရှိပါတယ်။ ကျွန်တော့်မှာ လူတွေရဲ့ အသားအရောင်၊ ယုံကြည်ကိုးကွယ်ရာ တစ်ခုအတွက် အမုန်းတရားနဲ့ အကြမ်းဖက်မှုတွေနဲ့ ကြုံတွေ့နေရသူတွေအပေါ် ကိုယ်ချင်းစာစိတ်ရှိပါတယ်။ ကျွန်တော့်ရဲ့ ပြင်းပြတဲ့စိတ် ဆန္ဒကတော့ ကျွန်တော်ပြုလုပ်သမျှ အရာအားလုံးဖြစ်တဲ့ ထုတ်လုပ်လိုက်တဲ့ ထုတ်ကုန်တွေ၊ ကျွန်တော် ဝင်

ရောက်တဲ့ ဈေးကွက် အသစ်တွေ၊ ကျွန်တော့် ဝန်ထမ်းတွေ၊ စားသုံးသူတွေ၊ ကျွန်တော်နဲ့ အလုပ်တူတူလုပ်တဲ့ ပါတနာတွေ အစရှိတဲ့ အရာအားလုံး အပေါ်မှာ ကိုယ်ချင်းစာစိတ်ကို ဗဟိုချက်အဖြစ် ထားရှိနိုင်ဖို့ပဲ ဖြစ်ပါတယ်။

နည်းပညာသမား တစ်ယောက်အနေနဲ့ ကွန်ပျူတာက ဘဝတွေ တိုးတက်ကောင်းမွန်ရေးမှာ အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်နေတယ်ဆိုတာ သိပါတယ်။ အိမ်မှာ ဇိန်းကို စကားလေ့ကျင့်ပေးတဲ့ ဆရာက အထက်တန်းကျောင်းသားသုံးယောက်နဲ့ ပူးပေါင်းပြီး ဇိန်းကိုယ်တိုင် သူ့ရဲ့သီချင်းတွေကို ထိန်းချုပ်နိုင်ဖို့အတွက် ဝင်းဒိုးအပ်တစ်ခု တီထွင်ပေးပါတယ်။ ဇိန်းက တေးဂီတကို သဘောကျပြီး ခေတ်အမျိုးမျိုးက သီချင်းတွေ၊ သီချင်းအမျိုးအစားအမျိုးမျိုးနဲ့ ဂီတပညာရှင် အမျိုးမျိုးအပေါ်မှာ သူ့ရဲ့ ကြိုက်နှစ်သက်မှုက တော်တော်ပဲ ကျယ်ပြန့်ပါတယ်။ သူက လီယိုနာ့ကိုဟင်ကနေ အက်ဘာ၊ နူးစရက်ဖတီ အလီခန်တို့ အထိအားလုံးကို သဘောကျပါတယ်။ ဒီ အဆိုတော်တွေရဲ့သီချင်းတွေကို အပြန်ပြန်အလှန်လှန် နားထောင်ပြီး သူ့အခန်းမှာ သူနဲ့ကိုက်ညီတဲ့ သီချင်းသံတစ်ခု အမြဲရှိနေတတ်ပါတယ်။ ပြဿနာက သီချင်းတွေကို သူကိုယ်တိုင် မထိန်းချုပ် နိုင်တာပါ။ တစ်ယောက်ယောက်ရဲ့ အကူအညီကို အမြဲစောင့်နေရပါတယ်။ ဒါကသူ့အတွက်ရော ကျွန်တော်တို့ အတွက်ရော စိတ်ပျက်စရာပါ။ ဒီပြဿနာကိုသိတဲ့ အထက်တန်းကျောင်းသား၃ ယောက်က ဒါကို ဖြေရှင်းပေးဖို့ ကူညီချင်ကြပါတယ်။ အခုဆိုရင် ဇိန်းရဲ့ လက်တွန်းလှည်း ဘေးမှာ ဆင်ဆာတစ်ခု ရှိနေပြီး သီချင်းပြောင်းဖို့ သူ့ဦးခေါင်းနဲ့ ထိလိုက်ရုံပါပဲ။ ဆယ်ကျော်သက် ၃ ယောက်ရဲ့ ကိုယ်ချင်းစာတရားက ကျွန်တော့်သား ဇိန်းအတွက် လွတ်လပ်မှုနဲ့ ပျော်ရွှင်မှုကို ယူလာပေးလိုက်နိုင်ပါပြီ။

ဒီလိုတူညီတဲ့ ကိုယ်ချင်းစာစိတ်က ကျွန်တော့်အလုပ်မှာလည်း လှုံ့ဆော်မှု

လုပ်ပေးပါတယ်။ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်သူ အစည်းအဝေးတစ်ခုမှာ ကျွန်တော်တို့ရဲ့ ဆွေးနွေးမှုတွေကို အနှစ်ချုပ် ပြောကြားရင်းနဲ့ မိုက်ခရိုဆော့ဖ်မှာ ကျွန်တော်တို့ ပြီးမြောက်ခဲ့တဲ့ ပရောဂျက်တစ်ခု အကြောင်းကို ပြောပြခဲ့ပါတယ်။ ကိုယ်ချင်းစာစိတ်ကို အတွေးအမြင် အသစ်တွေနဲ့ ပေါင်းစပ်မှုက မျက်လုံးအကြည့် ထောက်လှမ်းခြင်း နည်းပညာကို ဖန်တီးနိုင်ခဲ့ပြီး ALS လို့ခေါ်တဲ့ ကြွက်သားနဲ့ ခန္ဓာကိုယ် အစိတ်အပိုင်း မလှုပ်ရှားနိုင်တဲ့ ဝေဒနာ ခံစား နေရသူတွေ၊ ဦးနှောက်အာရုံကြော ပျက်စီးတဲ့ ဝေဒနာရှင်တွေ အခြားသူတစ်ဦးကို မှီခိုနေရမှု လျော့နည်းအောင် ကူညီနိုင်ခဲ့ပါတယ်။ ဒီအိုင်ဒီယာက တီထွင်ဆန်းသစ်မှုနဲ့ အိပ်မက်တွေကို အကောင်အထည် ဖော်နိုင်ဖို့ ကုမ္ပဏီမှာ ပထမဆုံး ပြုလုပ်ခဲ့တဲ့ ဟက်ကသွန် ပွဲကနေ ပေါ်ထွက်လာတာပါ။ ဟက်ကသွန် အဖွဲ့တစ်ဖွဲ့က ALS ဝေဒနာ ခံစားနေရလို့ လက်တွန်းလှည်းပေါ် ထိုင်နေရသူ NFL ကစားသမားဟောင်း စတိဗ် ဂလီဆင်နဲ့ အချိန်တွေအတူတူ ကုန်ဆုံးရင်းနဲ့ ကိုယ်ချင်းစာစိတ် ဖြစ်ပေါ်လာခဲ့တာပါ။ စတိဗ်က အခုဆိုရင် ဒီနည်းပညာကိုသုံးပြီး သူ့ရဲ့ နေ့စဉ်ဘဝက တိုးတက်သာယာသာယာ လာပါပြီ။ ကျွန်တော့်ကို ယုံကြည်ပါ။ စတိဗ်အတွက်၊ ကမ္ဘာပေါ်က မီလီယံချီရှိတဲ့ လူတွေအတွက်နဲ့ အိမ်က ကျွန်တော့်သားအတွက် နည်းပညာက ဘာတွေ လုပ်ပေးနိုင်တယ်ဆိုတာ ကျွန်တော်သိပါတယ်။

SLT မှာ ရှိနေတဲ့ ကျွန်တော်တို့ရဲ့ အခန်းကဏ္ဍက အဲဒီနေ့မှာပဲ စတင်ပြောင်းလဲ လာပါတယ်။ ခေါင်းဆောင် တစ်ယောက်ချင်းစီတိုင်းကို မိုက်ခရိုဆော့ဖ်ကပဲ အလုပ်ခန့်ထားတာ မဟုတ်တော့ပါဘူး။ သူတို့ တစ်ဦးချင်းစီရဲ့ ပြင်းပြတဲ့ စိတ်ဆန္ဒကို အခြားသူတွေအပေါ် လွှမ်းမိုးနိုင်ဖို့အတွက် မိုက်ခရိုဆော့ဖ်ကို အသုံးချဖို့လိုတဲ့ ပိုပြီးမြင့်မားတဲ့ တောင်းဆိုချက်ထဲမှာ ပါဝင်နေ

ကြပါပြီ။ အဲဒီနေ့က စိတ်လှုပ်ရှားစရာတွေများပြီး အားလုံးပင်ပန်း ခဲ့ကြတဲ့ နေ့ ဖြစ်ပါတယ်။ ဒါပေမဲ့ ပိုပြီးစည်းလုံးတဲ့ ခေါင်းဆောင်မှု အဖွဲ့ကို အကောင်အထည် ဖော်နိုင်မယ့် ပုံစံအသစ်ကို ချမှတ် နိုင်ခဲ့ပါတယ်။ အစည်းအဝေး အပြီးမှာတော့ ကျွန်တော်တို့အားလုံး ပြတ်ပြတ်သားသား သဘောပေါက်လာ ကြပါတယ်။ မိုက်ခရိုဆော့ဖ်ကို အသစ်ပြန်လည် ဖန်တီး ခြင်းမှာ စီအီးအို တစ်ယောက်၊ အုပ်စုတစ်ခု၊ ခေါင်းဆောင် တစ်ယောက်က သူရဲကောင်းဖြစ်မှာ မဟုတ်ဘူးဆိုတဲ့ အချက်ပါ။ အသစ်ပြန်လည် ဆန်းသစ် ရမယ်ဆိုရင် ကျွန်တော်တို့ အားလုံးနဲ့ တစ်ဦးချင်းစီရဲ့ အစိတ်အပိုင်း အားလုံးကို အသုံးချရမှာပါ။ ယဉ်ကျေးမှု အလေ့အထပုံစံ ပြောင်းလဲခြင်းက အကျိုးကျေးဇူး မရလာခင်မှာတော့ နေးကွေးနေမှာဖြစ်ပြီး ကြိုးစားနေရမှာ ဖြစ်ပါတယ်။

ဒီစာအုပ်က ပြုပြင်ပြောင်းလဲခြင်းနဲ့ ပတ်သက်တဲ့ စာအုပ်ဖြစ်ပါတယ်။ ကိုယ်ချင်းစာ တရားနဲ့ အခြားသူတွေအပေါ် အကျိုးပြုလိုစိတ်က မောင်းနှင်လိုက်တဲ့ ကုမ္ပဏီအတွင်းထဲမှာ ဖြစ်ပေါ်နေတဲ့ အကြောင်းရင်းတွေနဲ ဒီကနေ့ ကျွန်တော်အတွင်း အဖွဲ့တွင်ပုံရိပ်မှာ ဖြစ်ပေါ်နေတဲ့ အရာတွေ အကြောင်း ဖြစ်ပါတယ်။ ဒါပေမဲ့ အရေးအကြီးဆုံးက ဒီအပြောင်းအလဲက AI, mixed reality နဲ့ Quantum computing တို့ ပါဝင်နေတဲ့ ပြောင်းလဲမှုဖြစ်စဉ် အများဆုံး နည်းပညာလှိုင်းဖြစ်ပြီး ကျွန်တော်တို့ ကိုယ်တိုင်ကိုယ်ကျ ကြုံတွေနေရတာကြောင့် ဘဝတိုင်းကို ရိုက်ခတ်နိုင်တဲ့ အပြောင်းအလဲ ဖြစ်ပါတယ်။ လူတွေ၊ အဖွဲ့အစည်းတွေ၊ လူ့အသိုင်းအဝိုင်းတွေရဲ့ အမြဲတစေ ရှာဖွေနေကြတဲ့ စွမ်းအင်အသစ်၊ အိုင်ဒီယာ အသစ်၊ ကိုက်ညီမှုအသစ်နဲ့ ဆန်းသစ်မှုတွေမှာ ဘယ်လို ပြောင်းလဲနိုင်တယ်၊ ဘယ်လို ပြောင်းလဲရမယ်ဆိုတဲ့ ပြန်လည် ဆန်းသစ်ခြင်းခလုတ်ကို နှိပ်ခြင်းအကြောင်းတွေ ဖြစ်ပါတယ်။ အဓိက

ဦးစားပေး ဖော်ပြချက်ကတော့ တည်ငြိမ်မှု အနေအထားတွေကို ဘယ်တုန်းကမှန့် မတူအောင် အနှောင့်အယှက် ပေးနေတဲ့ နည်းပညာလှိုင်း ရှိနေတဲ့ ဒီနေ့ကမ္ဘာမှာ ပိုပြီး တန်ဖိုးရှိလာမယ့် ကိုယ်ချင်းစာတရားလို့ ကျွန်တော်တို့ ခေါ်ဆိုကြတဲ့ လူသားရဲ့ထူးခြားတဲ့ အရည်အသွေးနဲ့ ကျွန်တော်တို့ လူသားတွေ အကြောင်းပဲ ဖြစ်ပါတယ်။ ဩစတေးလျ ဘာသာ ရေး ကဗျာဆရာ ရိန်းမာရီယာ ရစ်ကီက ရေးသားခဲ့ ဖူးပါတယ်။

"အနာဂတ်က ကျွန်တော်တို့ထဲကို ဝင်ရောက်လာတယ်၊ ကျွန်တော်တို့ထဲမှာ သူ့ကိုယ်သူ ပြုပြင်ပြောင်းလဲနိုင်ဖို့ အတွက်ပေါ့၊ အဲဒီလို မဖြစ်ခင် အချိန် တော်တော်အကြာ ကတည်းက"

စက်ပစ္စည်းတွေအတွက် လှပသေသပ်တဲ့ ကွန်ပျူတာ ကုဒ်တွေလိုပဲ ဖြစ် တည်မှု ဝါဒဆိုင်ရာ ကဗျာတွေက ကျွန်တော်တို့ကို ညွှန်ကြားချက်နဲ့ အသိပညာ အလင်းတွေ ပေးနိုင်ပါတယ်။ တခြား ရာစုသစ် တစ်ခုကနေ ကျွန်တော်တို့ကို စကားပြောနေတဲ့ ရစ်ကီက ဘာတွေ ဖြစ်လာမယ် ဆိုတာ ကျွန်တော်တို့ အပေါ်မှာပဲ မူတည်နေတယ်၊ ဘာတွေ ဖြစ်လာမယ် ဆိုတာကို ဒီကနေ့ ကျွန်တော်တို့ ပြုလုပ်လိုက်တဲ့ အလုပ်တွေက ဆုံးဖြတ်ပေးတယ်လို့ ပြောနေတာပါ။ ဒီလို ပြုလုပ်ခဲ့တဲ့ အလုပ်တွေ ဆုံးဖြတ်ချက်တွေကို ကျွန်တော်ဖော်ပြသွားမှာ ဖြစ်ပါတယ်။

ဒီစာအုပ်မှာ မတူညီတဲ့ ဇာတ်ကြောင်း ၃ ခုကို ဖတ်ရမှာ ဖြစ်ပါတယ်။ ပထမဆုံး အဖွင့်မှာ အိန္ဒိယကနေ စီလီကွန် ဗယ်လီက မိုက်ခရိုဆော့ဖ်မှာ မှတ်တိုင်ရှိနေတဲ့ အမေရိကားက နေရာအသစ်ကို ပြောင်းရွှေ့လာတဲ့ ကျွန် တော့်ရဲ့ ကိုယ်ပိုင်ပြုပြင် ပြောင်းလဲမှု ဖြစ်စဉ်နဲ့ မိုက်ခရိုဆော့ဖ် အင်အားကြီး ထွား လာပုံတွေကို ဖော်ပြသွားမှာပါ။ အပိုင်း၂ မှာတော့ ဘီလ်ဂိတ်နဲ့ စတီ ဘောမားကို ဆက်ခံဖို့ အလားအလာ မရှိခဲ့သူ စီအီးအိုတစ်ယောက် အနေနဲ့

မိုက်ခရိုဆော့ဖ်မှာ ပြန်လည်ဆန်းသစ်ခြင်း လုပ်ခဲ့တဲ့ အကြောင်းရင်းတွေကို အဓိကထားဖော် ပြထားပါတယ်။ ကျွန်တော့် ခေါင်းဆောင်မှုအောက်က မိုက်ခရိုဆော့ဖ်ရဲ့ ပြုပြင်ပြောင်းလဲမှုက ပြည့်စုံခြင်း မရှိပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ ရရှိခဲ့တဲ့ တိုးတက်မှုကို ကျွန်တော် ဂုဏ်ယူပါတယ်။ တတိယ ပိုင်းနဲ့ နောက်ဆုံးမှာတော့ စက်ပစ္စည်းရဲ့ အသိဉာဏ်က လူသားတွေနဲ့ အပြိုင် ဖြစ်ပေါ်လာနေတဲ့ စတုတ္ထမြောက် စက်မှုတော်လှန်ရေးအကြောင်း ဝေဖန်မှုတွေကို သုံးသပ်ထားပါတယ်။ ကျွန်တော်တို့အတွက် အငြင်းပွား ဖွယ် မေးခွန်းတချို့ကိုလည်း လေ့လာထားပါတယ်။ လူသားတွေရဲ့ အခန်း ကဏ္ဍက ဘယ်လိုဖြစ်လာမှာလဲ၊ မညီမျှမှုတွေက ပိုဆိုးလာမှာလား၊ ဖြေရှင်း နိုင်မှာလား၊ အစိုးရတွေက ဘယ်လိုကူညီနိုင်မလဲ၊ နိုင်ငံတကာ ကော်ပိုရေးရှင်းတွေရဲ့ အခန်းကဏ္ဍနဲ့ သူတို့ရဲ့ ခေါင်းဆောင်မှုက ဘယ်လို လဲ၊ လူ့အဖွဲ့အစည်း အနေနဲ့ ပြန်လည်ဆန်းသစ်ခြင်းကို ဘယ်လို လုပ်ကြမ လဲ။

ကျွန်တော် ဒီစာအုပ်ကိုရေးဖို့ စိတ်လှုပ်ရှားမိသလို ရေးရမှာ တွန့်ဆုတ်တဲ့ အခိုက်အတန့်တွေလည်း ရှိပါတယ်။ ကျွန်တော့်ရဲ့ ဘဝခရီးစဉ်ကို ဘယ်သူ က အဓိက ဂရုစိုက်ခဲ့လဲ၊ မိုက်ခရိုဆော့ဖ်ရဲ့ စီအီးအို အဖြစ်နှစ် အနည်းငယ်ပဲ လုပ်ခဲ့ရသေးတဲ့အတွက် ကျွန်တော်တို့ အောင်မြင်မှုတွေ ရှုံးနိမ့်မှုတွေကို ရေးရတာ မရင့်ကျက်သေးသလို ခံစားမိပါတယ်။ အဲဒီ SLT အစည်းအဝေး ကနေစပြီး ကျွန်တော်တို့ တိုးတက်မှု တော်တော်များများ ရခဲ့ပါတယ်။ ဒါပေမဲ့ သွားရမယ့် ခရီးရှည်ကြီးကတော့ ကျန်နေပါသေးတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့ အတ္ထုပ္ပတ္တိကို ရေးဖို့ စိတ်မဝင်စား တာပါ။ ဒါကို ကျွန်တော့်ရဲ့ အိုမင်းမစွမ်း ဖြစ်လာချိန်တွေအတွက် ချန်ထားလိုက်ပါမယ်။ ဒါပေမဲ့ ဝေဖန် သုံးသပ်ချက် တော်တော်များများက လက်ရှိ ကျွန်တော့်ဘဝထဲက အချိန်

တချို့ကို ပေးပြီးရေးဖြစ်ဖို့ တိုက်တွန်းနေသလို ဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ဇာတ်ကြောင်းကို ကျွန်တော့် ရှုထောင့်ဘက်ကနေ ရေးဖို့ တာဝန်ရှိတယ်လို့ ခံစားမိပါတယ်။ အခုအချိန်က နည်းပညာရဲ့ အသစ်တွေ့ရှိမှုတွေကြောင့် လူမှုရေးနဲ့ စီးပွားရေး အနှောင့်အယှက်တွေ အရှိန်အဟုန် ပြင်းပြင်းနဲ့ ကြီးကြီးဖြစ်နေတဲ့ အချိန်ဖြစ်ပါတယ်။ cloud computing၊ ဆင်ဆာ၊ ဘစ်ဒေတာ၊ machine learning နဲ့ AI၊ mixed reality၊ နဲ့ ရိုဘော့တစ် နည်းပညာတို့ပေါင်းစည်းထားမှုက သိပ္ပံဇာတ်လမ်းတွေ ထဲကလို လူမှုစီးပွားကဏ္ဍပြောင်းလဲမှုတွေ ဖြစ်တော့မယ်ဆိုတာ ညွှန်ပြနေပါတယ်။ အခု လာတော့မယ့် အသိဉာဏ်နဲ့ဆိုင်တဲ့ နည်းပညာလှိုင်းရဲ့ ရိုက်ခတ်မှုအပေါ်မှာ ငြင်းခုံမှုတွေက ကျယ်ပြန့်ပြီး ကြီးထွားလာနေပါတယ်။ တစ်ဖက်မှာလည်း ပစ်ဆာက ရိုက်ကူးခဲ့တဲ့ ဝေါလ်အီး ကာတွန်းရုပ်ရှင်မှာ အလုပ်ကြမ်း မှန်သမျှကို စက်ရုံတွေအပေါ်မှာ မှီခိုထားတဲ့ လူသားတွေရဲ့ ထာဝရ အပန်းဖြေပုံကို ခြယ်မှုန်း ထားပါတယ်။ ဒါပေမဲ့ တခြားတစ်ဖက်မှာလည်း စတီဗင်ဟော့ကင်းလို သိပ္ပံ ပညာရှင်က အလုံးစုံ ပျက်သုဉ်းသွားနိုင်တဲ့ အခြေအနေကို သတိပေး ထားပါတယ်။

မငြင်းနိုင်လောက်တဲ့ အကြောင်းတရားကတော့ ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဘက်တွေ ဖြစ်တဲ့ မိုက်ခရိုဆော့ဖ်က ဝန်ထမ်းတွေ၊ ကျွန်တော်တို့ကုမ္ပဏီရဲ့ မီလီယံချီရှိတဲ့ သုံးစွဲသူတွေ၊ ပါတနာတွေအတွက် ရေးချင်စိတ်ဖြစ်လာလို့ပါ။ ၂၀၁၄ ဖေဖော်ဝါရီ လရဲ့ အေးမြတဲ့ တစ်နေ့မှာတော့ မိုက်ခရိုဆော့ဖ်ရဲ့ ဒါရိုက်တာ ဘုတ်အဖွဲ့ဝင်တွေက ကျွန်တော့်ကို စီအီးအိုအဖြစ်ရွေးချယ်ကြေညာ ခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ဦးစားပေး အစီအစဉ် မိုက်ခရိုဆော့ဖ်ရဲ့ ယဉ်ကျေးမှု ဓလေ့ထုံးစံကို ပြောင်းလဲဖို့ ဖြစ်ပါတယ်။ ကျွန်တော်က အခု ကျွန်တော်တို့ ဖြစ်တည်နေခြင်းရဲ့ အကြောင်းရင်း ဖြစ်တဲ့ မိုက်ခရို

ဆော့ဖ်ရဲ့ ဝိဉာဏ်ကို ပြန်လည်ရှာဖွေဖို့ လိုအပ်တယ်လို့ ပြောခဲ့ပါတယ်။ လူပေါင်း ထောင်ချီရှိတဲ့ မိုက်ခရိုဆောဖ့် ဝန်ထမ်းတွေကို လှုံ့ဆော်ပေးနိုင်ဖို့ ကျွန်တော်တို့ အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှုကို တိကျပြတ်သားအောင် လုပ်ဖို့က ကျွန်တော့်ရဲ့ အဓိက အလုပ်ဖြစ်တယ် ဆိုတာကို နားလည်လာပါတယ်။ စာအုပ်တွေကို ခေါင်းဆောင်တွေက သူတို့ အနားယူသွားတဲ့ အချိန်ကြမှ အတိတ်ကို ပြန်ကြည့်ရင်း ရေးလေ့ရှိပါတယ်။ မပီမပြင် မသဲမကွဲဖြစ်နေတဲ့ စစ်ပွဲကို ဆင်နွှဲနေရချိန်မှာ မဟုတ်ပါဘူး။ ပြောင်းလဲမှုကြီးရဲ့ အလယ်မှာ ရောက်နေတဲ့ စီအီးအို တစ်ယောက်ရဲ့ ချင့်ချိန် စဉ်းစားခြင်းတွေ အကြောင်းကို ဖော်ပြပြီး ကျွန်တော်တို့ ခရီးစဉ်ကို အတူတူ မျှဝေမယ်ဆိုရင် ဘယ်လိုနေမလဲ၊ မိုက်ခရိုဆော့ဖ်ရဲ့ ဇာစ်မြစ်၊ သူ့ရဲ့ မူလဖြစ်တည်ရခြင်း အကြောင်းပြချက်ကို လူတိုင်း သိရှိနိုင်ဖို့ အတွက်ပါ။ "အိမ်တိုင်း ခုံတိုင်းမှာ ကွန်ပျူတာတွေ ရှိဖို့" ဆိုတာ ကျွန်တော်တို့ရဲ့ မူလ ရည်ရွယ်ချက် ဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်က အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှုလုပ်ထုံး လုပ်နည်းတွေကို သတ်မှတ်ပေးပါတယ်။ ဒါပေမဲ့ ပြောင်းလဲမှုတွေ အများကြီး ဖြစ်ခဲ့ပါပြီ။ အိမ်တွေရဲ့ ခုံတွေပေါ်မှာ ကွန်ပျူတာတွေ ရှိလာပြီး လူတော်တော်များများမှာ စမတ်ဖုန်း ပိုင်ဆိုင်နေကြပါပြီ။ ကျွန်တော်တို့ ကိစ္စတော်တော် များများမှာ အောင်မြင်မှုရခဲ့ပေမဲ့ ကျွန်တော်တို့ နောက်ကျ ကျန်နေခဲ့တဲ့ အရာတော်တော် များများလည်း ရှိပါတယ်။ ပီစီ ရောင်းအားက နှေးကွေးလာပြီး မိုဘိုင်းဖုန်းမှာတော့ သိသိသာသာ နောက်ကျနေပါတယ်။ ရှာဖွေမှုအပိုင်းမှာလည်း ကျွန်တော်တို့က နောက်မှာ ရောက်နေပြီး ဂိမ်းမင်း အပိုင်းကိုလည်း ကြီးထွားလာအောင် လုပ်ဖို့လိုနေပါတယ်။ ကျွန်တော်တို့ရဲ့ သုံးစွဲသူတွေအပေါ် ကိုယ်ချင်းစာတရား နက်နက်နဲနဲထားပြီး သူတို့ရဲ့ မဖော်ပြရသေးတဲ့၊ မရရှိသေးတဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်း ရပါမယ်။ ပြန်လည်ဆန်းသစ်

ခြင်း ခလုတ်ကို နှိပ်ရတော့မယ့် အချိန်ပါ။

မိုက်ခရိုဆော့ဖ်မှာ အနှစ် ၂၀ ကြာ အင်ဂျင်နီယာနဲ့ ခေါင်းဆောင်တစ်ယောက်အဖြစ် တာဝန်ယူအပြီးမှာ စီအီးအိုအသစ် ရှာဖွေမှုဖြစ်စဉ်အပေါ် စိတ်ပူပန်တာထက် တွေးတောစရာတွေ ပိုဖြစ်ခဲ့ပါတယ်။ စတိဗ်ရဲ့ နေရာကို ဘယ်သူ ဆက်ခံမလဲဆိုတဲ့ သတင်းတွေ ထွက်လာပေမဲ့ ကျွန်တော့်ဇနီး အာနူးရော ကျွန်တော်ရောက ကောလာဟလတွေကို လျစ်လျူရှုခဲ့ကြပါတယ်။ အိမ်မှာတော့ ဇိန်းနဲ့ သမီး ၂ ယောက်ကို ထိန်းရင်း အလုပ်ရှုပ်နေတာများပါတယ်။ အလုပ်မှာတော့ အပြိုင်အဆိုင် ပြင်းထန်တဲ့ စီးပွားရေးဖြစ်တဲ့ မိုက်ခရိုဆော့ဖ် cloud ကိုပဲ အာရုံ စိုက်နေမိပါတယ်။ ဘုတ်အဖွဲ့ဝင်တွေက အတော်ဆုံး အကောင်းဆုံးလူကို ရွေးမှာပဲလို့ပဲ သဘောထား လိုက်ပါတယ်။ ကျွန်တော့်ကို ရွေးခဲ့ရင်တော့ ဝမ်းသာမိမှာပါ။ ဒါပေမဲ့ ဘုတ်အဖွဲ့ဝင်တွေ ယုံကြည်တဲ့ လူတစ်ယောက်ရဲ့ အောက်မှာ အလုပ်လုပ်ရရင်လည်း အလားတူ ပျော်ရွှင်မိမှာ ဖြစ်ပါတယ်။ တကယ်တော့ အင်တာဗျူးတစ်ခုမှာ ဘုတ်အဖွဲ့ဝင် တစ်ယောက်က ကျွန်တော်သာ စီအီးအို တကယ်ဖြစ်ချင်ရင် ဒီအလုပ် အပေါ်ဆာလောင် မွတ်သိပ်နေကြောင်း ရှင်းရှင်းလင်းလင်း ပြသရမယ်လို့ အကြံပေးပါတယ်။ ကျွန်တော် ဒီအကြောင်းကို စဉ်းစားမိတော့ စတိဗ်နဲ့တောင် ပြောဖြစ်ခဲ့ပါသေးတယ်။ သူက ရယ်ပြီးတော့ ရိုးရိုးရှင်းရှင်းနဲ့ပဲ "အခုအချိန်မှာတော့ ခင်ဗျားကိုယ် ခင်ဗျား မတူအောင်လုပ်ဖို့က နောက်ကျနေပြီ" လို့ ပြောပါတယ်။ ကျွန်တော်က ဒီလိုပုဂ္ဂိုလ်ရေး ရည်ရွယ်ချက်မျိုး ပြသတတ်သူ မဟုတ်ပါဘူး။

၂၀၁၄ ဇန်နဝါရီ၂၄ ရက်နေ့မှာ ဒါရိုက်တာ အဖွဲ့ခေါင်းဆောင်နဲ့ စီအီးအို ရှာဖွေမှုကို ဦးဆောင်နေတဲ့ ဂျွန်သွန်မ်ဆင်က ကျွန်တော်နဲ့ စကားပြောဖို့ အီးမေးလ် ပို့လာပါတယ်။ ကျွန်တော်ကတော့ ဘာကိစ္စလည်း ဆိုတာမသိ

သေးပါဘူး။ ကျွန်တော်ကတော့ သူ ဘုတ်အဖွဲ့ရဲ့ ဆုံးဖြတ်ချက်အကြောင်း ကျွန်တော့်ကို ပြောပြမလို့ပဲလို့ ထင်လိုက်ပါတယ်။ အဲဒီ ညနေမှာပဲ ဂျွန် ကျွန်တော့်ကို ဖုံးခေါ်လာတော့ သူက ပထမဆုံး ကျွန်တော် ထိုင်ခုံပေါ် ထိုင် နေတာလားလို့ မေးပါတယ်။ တကယ်တော့ အလုပ်က စပီကာဖွင့်ထားတဲ့ ဖုန်းကိုဖွင့်ပြီး စကားပြောနေချိန်မှာ ကျွန်တော် လုပ်နေကြ ကူကာဘူရာ ခရစ်ကတ် ဘောလုံးကို ကစားနေတာပါ။ သူကကျွန်တော် မိုက်ခရိုဆော့ဖ်ရဲ့ စီအီးအို ဖြစ်လာတော့မယ်ဆိုတဲ့ သတင်းကို ပြောပါတယ်။ သူ့ စကားလုံး တွေကို နားလည်ဖို့ ကြိုးစားလိုက်ရတာ မိနစ်အနည်းငယ်တောင် ကြာသွား ပါတယ်။ ကျွန်တော် ဂုဏ်ယူမိကြောင်း၊ စိတ်လှုပ်ရှားမိကြောင်းနဲ့ မျှော်လင့် မထားမိကြောင်း ပြောလိုက်ပါတယ်။ ကျွန်တော် ပြောသမျှတွေက စီစဉ် မဟုတ်ပေမဲ့ ကျွန်တော် ခံစားချက်တွေကိုတော့ အမိအရ ဖမ်းဆုပ် နိုင်ခဲ့ပါ တယ်။ ရက်သတ္တပတ် အနည်းငယ် အကြာမှာတော့ ကျွန်တော်တို့ပိုပြီး ရှင်းရှင်းလင်းလင်း အာရုံစိုက်ဖို့နဲ့ ကျွန်တော်တို့ရဲ့ စီးပွားရေးနဲ့ ယဉ်ကျေးမှု ကို ဆက်ပြီး မြန်မြန် ပြောင်းလဲဖို့ လိုအပ်ကြောင်း မီဒီယာတွေကို ကျွန်တော် ပြောခဲ့ပါတယ်။ ဒါပေမဲ့ လူမြင်ကွင်းရဲ့ နောက်ကွယ်မှာတော့ ထိ ထိရောက်ရောက် ဦးဆောင်နိုင်ဖို့ ကျွန်တော့်ရဲ့ ကိုယ်ပိုင်စိတ်ရော မိုက်ခရို ဆော့ဖ်မှာ အလုပ်လုပ်နေ သူတိုင်းရဲ့ စိတ်ထဲမှာရော ရှိနေနိုင်တဲ့ သံသယ တွေကို ချေဖျက် ဖို့ထားတာ လိုအပ်တယ်ဆိုတာ သိပါတယ်။ ဘာကြောင့် မိုက်ခရိုဆော့ဖ် ဖြစ်တည် နေတာလဲ၊ ဒီရာထူးအသစ်မှာ ကျွန်တော် ဘာ ကြောင့် ရှိနေတာလဲ၊ ဒီမေးခွန်းတွေက အဖွဲ့အစည်းတိုင်းက လူတိုင်း သူတို့ ကိုယ်သူတို့ မေးသင့်တဲ့ မေးခွန်းတွေပါ။ ဒီမေးခွန်းတွေကို မမေးမိတာနဲ့ အမှန်အတိုင်း မဖြေမိခဲ့တာတွေက အစောပိုင်းအများတွေကို ဆက်လက် ကိုင်စွဲထားသလို ဖြစ်ပြီး အဆိုးဆုံးအနေနဲ့ ရိုးသားမှု မရှိသလို ဖြစ်မှာကို

စိုးရိမ်ခဲ့ပါတယ်။ လူတိုင်း လူတိုင်း၊ အဖွဲ့အစည်းတိုင်းနဲ့ လူ့အဖွဲ့အစည်း တစ်ခုလုံးမှာတောင် စွမ်းအားတွေ ပြန်လည်ဖြည့်တင်းတာ၊ အသစ်ပြန်ဖန်တီးတာ၊ ပုံစံအသစ်ချ မှတ်တာနဲ့၊ ရည်ရွယ်ချက်တွေကို ပြန်စဉ်းစားရမယ့် ပြန်လည်ဆန်းသစ်ခြင်း ခလုတ်ကို နှိပ်ရတော့မယ့် အချိန်တစ်ခုကို ရောက်လာတတ်ပါတယ်။ သင့်ရဲ့ ဘရောက်စာက refresh ခလုတ်ကို နှိပ်လိုက်ရသလိုတော့ မလွယ်ပါဘူး။ ဒီနေ့ခေတ်လို နည်းပညာ အမြဲရှိနေပြီး အသစ်အသစ်တွေ ပေါ်လာတဲ့ အချိန်မှာ ပြန်လည်ဆန်းသစ်ခြင်း လုပ်ရတာက ပုံမှန် မဟုတ်သလို ထင်ရပါတယ်။ ဒါပေမဲ့ မှန်မှန်ကန်ကန် လုပ်နိုင်ခဲ့ရင်၊ လူတွေနဲ့ ယဉ်ကျေးမှုကို ပြန်လည်ဖန်တီးနိုင်ရင်၊ အသစ်ပြန်ဖြစ် နိုင်တယ်ဆိုရင် ရှင်သန်ထမြောက်ခြင်း ရလဒ်အဖြစ် ထွက်ပေါ်လာမှာပါ။ အားကစား ဖရန်ချိုက် လုပ်ငန်းတွေ လုပ်နေကြပါတယ်။ အက်ပဲလ်လည်း လုပ်ခဲ့ပြီးပါပြီ။ ဒီထရွိုက်လည်း လုပ်နေပါတယ်။ အခုအချိန်မှာ နေ့စဉ်နဲ့အမျှ တိုးတက်နေတဲ့ ဖေ့ဘွတ်ကုမ္ပဏီလည်း တစ်နေ့နေ့မှာ တိုးတက်မှုတွေ ရပ်တန့်သွားပြီး သူတို့လည်း လုပ်ရဦးမှာပါ။

ဒါကြောင့် ကျွန်တော့်ဇာတ်ကြောင်းကို အစကနေ စတင်ပါရစေ။ ဘယ်လို စီအီးအိုမျိုးက ငါတို့ ဘာကြောင့်တည်ရှိ နေရသလဲဆိုတဲ့ တည်မြဲခြင်းဆိုင်ရာ မေးခွန်းတွေမေးမှာလဲ၊ ဘာကြောင့် ကိုယ်ချင်းစာတရား၊ အိုင်ဒီယာ၊ ယဉ်ကျေးမှုဆိုတဲ့ အယူအဆတွေက ကျွန်တော့်အတွက် အရေးကြီးတာလဲ၊ ကျွန်တော့်အဖေက မာ့က်စ် ဝါဒကို လိုလားတဲ့ အစိုးရ ဝန်ထမ်းတစ်ယောက် ဖြစ်ပြီး အမေကတော့ သက္ကတဘာသာစကား ပညာရှင်တစ်ယောက် ဖြစ်ပါတယ်။ ကျွန်တော့်အဖေ ဆီက သမိုင်းဘာသာရပ်အပေါ် ချစ်မြတ်နိုးမှုနဲ့ အသိဉာဏ်ဆိုင်ရာ စုံစမ်းလေ့လာမှုကို သင်ယူခွင့် ရနေပေမဲ့ ကျွန်တော်က အမေကိုချစ်တဲ့ သားတစ်ယောက် အမြဲဖြစ်ခဲ့ပါတယ်။ အမေ

က ကျွန်တော် ပျော်ရွှင်ဖို့၊ ယုံကြည်မှုရှိဖို့နဲ့ ပစ္စုပ္ပန်ကာလမှာ နောင်တကင်း ကင်းနဲ့ နေထိုင်နိုင်ဖို့ကို နက်နက်နဲနဲ ဂရုစိုက် ပေးခဲ့ပါတယ်။ အမေက အိန္ဒိယရဲ့ ရှေးဟောင်းဘာသာစကား၊ စာပေနဲ့ ဒဿနတရားတွေကို သင်ကြားပေးရတဲ့ ကောလိပ် စာသင်ခန်း တွေမှာရော အိမ်မှာပါ အလုပ်ကို ကြိုးကြိုးစားစား လုပ်သူတစ်ဦးပါ။ အမေက သာယာ ပျော်ရွှင်မှုပေးတဲ့ အိမ်ကိုဖန်တီးပေးနိုင် ခဲ့ပါတယ်။

ဒီလို အခြေအနေမှာတောင်မှ အမေက သူ့ရဲ့အလုပ်နဲ့ အိမ်ထောင်ရေး ကြားမှာ ကြိုးကြိုးစားစား ရုန်းကန်ခဲ့ရတာကို ကျွန်တော် မှတ်မိနေပါသေး တယ်။ ကျွန်တော့်ဘဝရဲ့ တည်ငြိမ်မြဲမြံတဲ့ အားအင်တစ်ခု ဖြစ်ခဲ့ပြီး အဖေ ကတော့ တစ်မူထူးခြားသူ တစ်ဦး ဖြစ်ပါတယ်။ ဖူးဘရိုက် အစီအစဉ်နဲ့ အ မေရိကားမှာ ဘောဂဗေဒ ပါရဂူဘွဲ့ ရယူနိုင်တဲ့ အခွင့်အရေး ရခဲ့ပြီး အခွင့်အလမ်းတွေ အပြည့်ရှိနေတဲ့ အမေရိကားကို ပြောင်းရွှေ့လုနီးပါး အခြေအနေဖြစ်ခဲ့ ပါသေးတယ်။ ဒါပေမဲ့ သူအိန္ဒိယရဲ့ အုပ်ချုပ်ရေး ဌာနမှာ အရွေးချယ်ခံလိုက်ရလို့ ဒီအစီအစဉ်တွေ အားလုံးကို ရုတ်တရက် ဘေးဖယ် ထားလိုက်ရပါတယ်။ အဲဒီအချိန်က ၁၉၆၀ အစောပိုင်း ကာလတွေ ဖြစ်ပြီး ဗြိတိန်လက်အောက်ကနေ လွတ်လပ်ရေးရယူဖို့ စွမ်းဆောင်ခဲ့တဲ့ မဟတ္တမဂန္ဒီရဲ့ သမိုင်းဝင် လှုပ်ရှားမှု ဖြစ်အပြီး ဂျဝါဟာလာ နေရူးက အိန္ဒိယ ရဲ့ ပထမဆုံး ဝန်ကြီးချုပ် ဖြစ်လာတဲ့အချိန် ဖြစ်ပါတယ်။ အဲဒီ မျိုးဆက် အတွက်တော့ အစိုးရအလုပ်ဌာနကို ဝင်ရောက်ပြီးနိုင်ငံ အသစ်တစ်ခု မွေး ဖွားခြင်းရဲ့ တစ်စိတ်တဒေသအဖြစ် ပါဝင်ရတာက အိပ်မက်တွေ အကောင်အထည် ပေါ်လာခြင်းပဲ ဖြစ်ပါတယ်။ အိန္ဒိယရဲ့ အုပ်ချုပ်ရေးစနစ် က ၁၉၄၇မှာ ယူကေက အုပ်ချုပ်ရေးကဏ္ဍကို လွှဲပြောင်းပေးအပြီး နိုင်ငံအုပ်ချုပ်ဖို့ ချန်ရစ်ထားခဲ့တဲ့ရာဇ်ဂျ် စနစ်ရဲ့ အကြွင်းအကျန်တစ်ခု ဖြစ်ပါ

တယ်။ အိန္ဒိယ အုပ်ချုပ်ရေး ဌာနအတွက် တစ်နှစ်မှာ လူငယ်အယောက် ၁၀၀ လောက်ပဲ အရွေးချယ် ခံရတဲ့အတွက် ကျွန်တော့်အဖေက အသက်ငယ်ငယ်နဲ့ လူသန်းပေါင်းများစွာရှိတဲ့ ခရိုင်တစ်ခုကို အုပ်ချုပ်သူ ဖြစ်နေပါပြီ။ ကျွန်တော့်ရဲ့ ကလေးဘဝ တစ်လျှောက်လုံးမှာ အဖေက အိန္ဒိယနိုင်ငံ အန်ဒရာ ပါရဒစ်ရှ် ပြည်နယ်ထဲက ခရိုင် တော်တော်များများမှာ ပြောင်းရွှေ့ တာဝန်ထမ်းဆောင် ရပါတယ်။ နိုင်ငံအသစ်တစ်ခုအဖြစ် ပြောင်းလဲပြီးခါစ ၁၉၇၀ပြည့် အစောပိုင်းနဲ့ ၁၉၆၀ ပြည့်လွန် နှစ်တွေမှာ အချိန်နဲ့နေရာ ကျယ်ကျယ်ဝန်းဝန်း ရနေတဲ့ ကိုလိုနီ အဆောက်အဦတွေမှာ တစ်နေရာပြီး တစ်နေရာ ပြောင်းရွှေ့နေထိုင်ခဲ့ရတာကို ကျွန်တော် မှတ်မိနေပါသေးတယ်။

ကျွန်တော့်အမေကတော့ အခုလို ပြောင်းရွှေ့ နေထိုင်ရမှုတွေရဲ့ အတောအတွင်းမှာပဲ ကျွန်တော့်ကို ပြုစုပျိုးထောင်ဖို့၊ အိမ်ထောင်ရှင်မ ကောင်း တစ်ယောက်ဖြစ်ဖို့နဲ့ သူ့ရဲ့သင်ကြားရေး အလုပ်ကို ဆက်လုပ်နိုင်ဖို့ အတတ်နိုင်ဆုံး ကြိုးစားခဲ့ပါတယ်။ ကျွန်တော် အသက် ၆ နှစ် မှာ ၅ လသား အရွယ် ကျွန်တော့်ညီမ ကွယ်လွန်သွားပါတယ်။ ဒီအဖြစ်အပျက်က ကျွန်တော်နဲ့ ကျွန်တော့် မိသားစုအတွက် ကြီးမားတဲ့ ရိုက်ခတ်မှုတစ်ခုပါ။ အဲဒီနောက်ပိုင်းမှာ အမေက သူ့အလုပ်ကို စွန့်လွှတ် လိုက်ရပါတယ်။ ကျွန်တော်ညီမ သေဆုံးမှုက ကျွန်တော်တို့အပေါ် ကံကြမ္မာဆိုးတွေရဲ့ နောက်ဆုံး ရိုက်ခတ်မှုလို့ ထင်ပါတယ်။ အမေ့အတွက် သမီးတစ်ယောက် ဆုံးရှုံးရတဲ့အပြင် ကျွန်တော့်ကို ပြုစုပျိုးထောင် ရတာရော၊ အဖေက အဝေးကြီးမှာ အလုပ်လုပ်နေချိန်မှာ သူ့ရဲ့သင်ကြားရေး အလုပ် တာဝန်တွေကိုပါ မပျက်ကွက်အောင် ထိန်းသိမ်းနေရတာရောက တော်တော်ပဲ ကြီးမားတဲ့ တာဝန် ဝတ္တရားတွေ ဖြစ်ပါတယ်။ ဒါတွေအားလုံးကို ဘယ်တော့မှ ညည်းညူပြောဆိုတာမျိုး မလုပ်ပါဘူး။ အထူးသဖြင့် ဒီကနေ့ နည်းပညာ

နယ်ပယ်ရဲ့ မတူညီ ကွဲပြားတဲ့ ပြောဆိုမှုတွေရဲ့ ရှုထောင့်ကနေ ကြည့်ရင်တော့ အမေ့ရဲ့ အခြေအနေကို ကျွန်တော်နည်းနည်း နားလည်နိုင်ပါတယ်။ အမေလည်း အရာအားလုံးကို သူနဲ့ ထိုက်တန်တယ်ဆိုပြီး လိုချင်ခဲ့မှာပါ။ ဒါပေမဲ့ အမေ့ရဲ့ အလုပ်ဌာနရဲ့ ယဉ်ကျေးမှုက အဲဒီအချိန်က အိန္ဒိယရဲ့ လူမှုရေးစံနှုန်းတွေနဲ့ ရောယှက်သွားတဲ့အခါမှာ သူ့ရဲ့ မိသားစုဘဝနဲ့ အသက်မွေးဝမ်းကျောင်း အလုပ်ကို ချိန်ညှိနေထိုင်ဖို့ ခွင့်မပြုတော့ပါဘူး။

အိန္ဒိယ အုပ်ချုပ်ရေးဌာနက အဖေတွေရဲ့ သားသမီးတွေ ကြားထဲမှာ အပြိုင်အဆိုင်က ပြင်းထန်ပါတယ်။ တချို့အဖေအဖေတွေက အရမ်းခက်ခဲတဲ့ ဝင်ခွင့်စာမေးပွဲ အောင်မြင်တာဟာ တစ်ဘဝလုံးစာ အတွက်လို့ ယူဆကြပါတယ်။ ဒီစာမေးပွဲက သူတို့ဘဝအတွက် နောက်ဆုံး စာမေးပွဲလိုမျိုး သဘောထားကြပါတယ်။ ဒါပေမဲ့ ကျွန်တော့် အဖေကတော့ အိန္ဒိယ အုပ်ချုပ်ရေး ဌာနရဲ့ ဝင်ခွင့်စာမေးပွဲ အောင်မြင်တာက တခြားအရေးကြီးတဲ့ စာမေးပွဲတွေကို ဖြေနိုင်ဖို့အတွက် ဝင်ပေါက်ရသွားတာပဲလို့ ယုံကြည်ပါတယ်။ တစ်သျှောက်လုံး သင်ယူလေ့လာ နေသူတစ်ဦး ဖြစ်ပါတယ်။ ဒါပေမဲ့ အောင်မြင်မှုတွေ အများကြီးရခဲ့တဲ့ မိဘတွေရဲ့ ဖိအားပေးခြင်းကို ခံနေရတဲ့ ကျွန်တော့်ပတ်ဝန်းကျင်က လူတွေနဲ့ ကွဲပြားတာက ကျွန်တော်က ဒီလို ဖိအားတွေကို မကြုံတွေ့ခဲ့ ရပါဘူး။ အမေကလည်း ဖိအားပေးတတ်တဲ့ အမေတွေနဲ့ ဆန့်ကျင်ဘက်ပါ။ ကျွန်တော့်ကို ပျော်ပျော်နေဖို့ကလွဲပြီး တခြား ဘယ်အရာကိုမှ ဖိအား မပေးဖူးပါဘူး။

ဒါကလည်း ကျွန်တော်နဲ့ ကိုက်ညီပါတယ်။ ကလေးတစ်ယောက်အနေနဲ့ ခရစ်ကတ် အားကစား နည်းကလွဲလို့ ဘယ်အရာကိုမှ ကျွန်တော် ဂရုစိုက်စရာ မလိုခဲ့ပါဘူး။ တစ်ခါက အဖေက ကျွန်တော့်အိပ်ခန်းမှာ ကားလ်မတ်စ်ရဲ့ ပိုစတာကို လာချိတ်ထားပါတယ်။ အမေကလည်း ဒါကို တုံ့ပြန်တဲ့ အနေ

နဲ့ ပြီးပြည့်စုံခြင်းနဲ့ ရောင့်ရဲတင်းတိမ်ခြင်း အိန္ဒိယ နတ်ဘုရားမ လက်ချ်မီးရဲ့ ပုံကို လာချိတ်ပေးပါတယ်။ သူတို့ရဲ့ ဆန့်ကျင့်ဘက် ဖြစ်နေတဲ့ ရည်ရွယ်ချက်က ရှင်းလင်းပါတယ်။ အဖေက ကျွန်တော့်အတွက် ဉာဏ်ပညာဆိုင်ရာ ရည်ရွယ်ချက်ကို လိုချင်ပါတယ်။ အမေကတော့ မျက်ကန်းယုံကြည်မှုရဲ့ အကျဉ်းသား မဖြစ်စေချင်ဘဲ ပျော်ရွှင်မှုကိုသာ ဦးစားပေးစေချင်တာပါ။ ကျွန်တော့်ရဲ့ တုံ့ပြန်မှုက ဘာဖြစ်မလဲ၊ ကျွန်တော် ချိတ်ချင်တဲ့ တစ်ခုတည်းသော ပိုစတာကတော့ ယောကျ်ားဆန်တဲ့ မျက်နှာရှိပြီး ကွင်းအပြင်မှာရော ကွင်းထဲမှာပါ အားကျလောက်စရာ ပုံစံရှိတဲ့ ဟိုက်ဒရာဘတ်ရဲ့ ကရစ်ကက်သူရဲကောင်း အမ်အယ်လ် ဂျက်ဆီမာရဲ့ပုံ ဖြစ်ပါတယ်။

အတိတ်ကို ပြန်ကြည့်မယ်ဆိုရင် အဖေ့ရဲ့ ဉာဏ်ပညာဆိုင်ရာ စိတ်အားထက်သန်မှုရော အမေ့ရဲ့မျှတတဲ့ ဘဝအပေါ် အိပ်မက်ကရော ကျွန်တော့်အပေါ် လွှမ်းမိုးမှုရှိခဲ့ပါတယ်။ ဒီနေ့အထိတောင် ခရစ်ကတ် ကစားနည်းက ကျွန်တော့်ရဲ့ ပြင်းပြတဲ့ စိတ်ဆန္ဒအဖြစ် ကျန်ရှိနေပါ သေးတယ်။ ခရစ်ကတ်ကစားနည်းကို အင်္ဂလန်မှာ စပြီးတီထွင်ခဲ့ပေမဲ့ အိန္ဒိယလောက် ရူးသွပ်တဲ့နေရာ မရှိပါဘူး။ ကျွန်တော်က ခရစ်ကတ်ရိုးရာနဲ့ စိတ်အားထက်သန်မှုတွေ မွေးဖွားရာနေရာ ဖြစ်တဲ့ ဟိုက်ဒရာဘတ်က ကျွန်တော်တော့ ဖြစ်ခဲ့ပါတယ်။ ကျွန်တော်က ဘောလုံးကို လည်ပတ်အောင် ပစ်နိုင်သူပါ။ ဘေ့စ်ဘောနည်းမှာတော့ ဘောလုံးကို ကွေ့ဝိုက်သွားအောင် ပစ်နိုင်သူနဲ့ တူညီပါလိမ့်မယ်။ ခရစ်ကတ်ကို တစ်ကမ္ဘာလုံးမှာ အားပေးကြသူပေါင်း ၂.၅ ဘီလီယံ ရှိပါတယ်။ ဘေ့စ်ဘော့ ကစားနည်းကို အားပေးသူပေါင်းကတော့ ဘီလီယံ တစ်ဝက် ရှိပါတယ်။ နှစ်ခုလုံးကတော့ ပရိသတ်တွေ ကွင်းပြည့်ကွင်းလျှံ အားပေးကြတဲ့ စိတ်လှုပ်ရှားစရာကောင်းပြီး ရှုပ်ထွေးတဲ့ ပြိုင်ဆိုင်မှုတွေနဲ့ လှပနဲ့ အားကစားနည်းတွေ ဖြစ်ပါတယ်။ ဂျိုးဆပ် အိုနီးလ်က သူ့ရဲ့ နယ်သာ

လန် ဝတ္ထုမှာ ဒီကစားနည်းရဲ့ အလှအပကို ပုံဖော်ခဲ့ပါတယ်။ ကစားသမား ၁၁ ယောက်က ဘောလုံး ရိုက်သူကို ဦးတည်ပြီး လခြမ်းကွေးပုံစံ ရပ်နေကြပြီး သူတို့ရဲ့အစမှတ် ရှိရာနေရာကို ထပ်ခါ ထပ်ခါပြန်လာကြရတာ ဖြစ်ပါတယ်။ "ကစားကွင်းမှာ တောက်ပတဲ့ ဧည့်သည်က အသက် ရှူသွင်းရှူထုတ်လိုက်သလို ထပ်ခါထပ်ခါ ဖြစ်နေတဲ့ စည်းချက်တစ်ခု" လို့ ရေးခဲ့ပါတယ်။ အခု အောင်မြင်မှုရဖို့ ကျွန်တော်တို့ လိုအပ်နေတဲ့ ယဉ်ကျေးမှုကို စီအီးအိုတစ်ယောက်အဖြစ် စဉ်းစားတဲ့ အခါမှာ ခရစ်ကတ် ကစားနည်းနဲ့တင်စားပုံဖော်ကြည့်မိပါတယ်။

ကျွန်တော် အိန္ဒိယရဲ့ နေရာ တော်တော်များများ ဖြစ်တဲ့ ဆရီကာကူလန်၊ တီရူပတီ၊ မူဆိုရီ၊ ဒေလီနဲ့ ဟိုက်ဒရာဘတ်တို့မှာ ကျောင်းတက်ခဲ့ရပါတယ်။ နေရာ တစ်ခုစီတိုင်းက ကျွန်တော့်အတွက် အမှတ်ရာစရာ တစ်ခုစီ ဖြစ်ခဲ့ပြီး အခုအထိ ကျွန်တော့်စိတ်ထဲမှာ ကျန်ရှိနေပါသေးတယ်။ ဥပမာ မြောက်ပိုင်း အိန္ဒိယမြို့တစ်ခုဖြစ်တဲ့ မူဆိုရီ မြို့ဆိုရင် အမြင့်ပေ ၆၀၀၀ နီးပါးရှိတဲ့ ဟေမာလယ တောင်တန်းတွေ အောက်မှာတည်ရှိပါတယ်။ ကျွန်တော့်အိမ် ဘယ်လီပူးကနေ တောင်ပေါ်မှာ မိုးရွာတာကို မြင်တွေ့တဲ့ အချိန်တိုင်း ကျွန်တော် ကလေးဘဝတုန်းက တောင်တွေဖြစ်တဲ့ နန္ဒဒေဝီနဲ့ ဗန္ဒာပန့်ချ်တို့ကို သတိရမိပါတယ်။ ကျွန်တော့်ရဲ့ မူကြိုတန်းကို ဂျီးဆပ်နဲ့ မေရီကွန်ဗင့်ကျောင်းမှာ တက်ခဲ့ပါတယ်။ ဒီကျောင်းက အိန္ဒိယမှာ ရှေးအကျဆုံး မိန်းကလေးကျောင်း ဖြစ်ပေမဲ့ မူကြိုအတွက် ယောကျ်ားလေးတွေကို တက်ခွင့်ပြုပါတယ်။ အသက် ၁၅နှစ် မှာတော့ ကျွန်တော်တို့ ရွှေ့ပြောင်း နေထိုင်နေတာကို ရပ်လိုက်ပြီး အန္ဒိယတစ်နယ်လုံးက ကျောင်းသားတွေ လက်ခံတဲ့ ဟိုက်ဒရာဘတ် အစိုးရကျောင်းကို ဝင်ရောက်ခဲ့ပါတယ်။ ကျောင်းပြောင်းခဲ့ရတာတွေက ကျွန်တော့်ကို အခြေအနေ အသစ်မှာ

လိုက်လျောညီထွေ ဖြစ်စေဖို့ ကူညီခဲ့တဲ့အတွက် ကျေးဇူးတင်မိပါတယ်။ ဒါပေမဲ့ ဟိုက်ဒရာဘတ်က ကျောင်းကို ပြောင်းတာကတော့ တကယ်ပဲ အကျိုးရှိခဲ့ပါတယ်။ ၁၉၇၀ တုန်းက ဟိုက်ဒရာဘတ်က ဒီနေ့လို လူဦးရေ ၆.၈ သန်းကျော် နေထိုင်တဲ့ မက်ထရိုမြို့ကြီး မဟုတ်သေးပါဘူး။

ကျွန်တော်က အာရေဗျ ပင်လယ်ပေါ်က ဘုံဘေရဲ့ အနောက်ဘက်ခြမ်းက ကမ္ဘာအကြောင်းကို မသိသလို ဂရုလည်း မစိုက်ခဲ့ပါဘူး။ ဒါပေမဲ့ ဟိုက်ဒရာဘတ် အစိုးရကျောင်းမှာ တက်ခဲ့တာက ကျွန်တော့်အတွက် အကောင်းဆုံး အချိုးအကွေ့ ဖြစ်ခဲ့ပါတယ်။ ဟိုက်ဒရာဘတ် ကျောင်းမှာတုန်းက ကျွန်တော်က ဗုဒ္ဓဘာသာ ရှေးဟောင်း တက္ကသိုလ် နာလန်ဒါရဲ့ အမည်ကို ယူသုံးထားတဲ့ အပြာရောင်အသင်းရဲ့ အဖွဲ့ဝင် ဖြစ်ပါတယ်။ တစ်ကျောင်းလုံး မှာ ယဉ်ကျေးမှုမျိုးစုံ ရှိပြီး မူစလင်ဟိန္ဒူ၊ ခရစ်ယာန်နဲ့ ဆစ်ခ် ဘာသာဝင် တွေအားလုံး အတူတူ နေထိုင်ပြီး ပညာသင်ကြား နေကြပါတယ်။ ကျောင်း မှာ အထက်တန်းစား မိသားစုဝင်တွေ ပါဝင်သလို စကောလားရှစ်နဲ့ ကျောင်းလာတက်နေသူ အိန္ဒိယရဲ့ အတွင်းပိုင်း ခရိုင်တွေက လူမျိုးစုဝင်တွေ ရဲ့ ကလေးတွေလည်း ပါဝင်ပါတယ်။ ပြည်နယ်ဝန်ကြီးချုပ်ရဲ့သား ဘောလီး ဝုဒ် မင်းသားမင်းသမီးတွေရဲ့ ကလေးတွေနဲ့ အတူတူ ကျောင်းမှာ ရှိနေပါ တယ်။ ကျွန်တော့်ရဲ့ အဆောင်မှာလည်း အိန္ဒိယရဲ့ အလွှာအသီးသီးက ကျောင်းသားတွေ ရှိနေပါတယ်။ ဒါက အံ့ဩစရာကောင်းပြီး ညီမျှမှု ရှိနေတဲ့ အားတစ်ခု ဖြစ်တဲ့အတွက် မှတ်မိနေဖို့ ထိုက်တန်တဲ့ အခိုက်အတန့်တွေ ဖြစ် ခဲ့ပါတယ်။

ဒီနေ့မှာတော့ ကျောင်းသားဟောင်း စာရင်းက ကျောင်းရဲ့ အောင်မြင်မှု အကြောင်း ပြောပြနေပါတယ်။ အဒိုဘီ (Adobe) ရဲ့ စီအီးအို ရှန်တနု နာရာ ယန်၊ မာစတာကဒ်( Master Card)ရဲ့ စီအီးအို အေဂျေဆင်း ဘန်ဂါ၊ ကာဗီ

ယန် နက်ဝပ် (Cavium Network) ရဲ့ ဦးဆောင်သူ ဆာရစ်ဘီ အလီ၊ တိုရန် တိုက ဖဲလ်ဖက်စ် ဘဏ္ဍာရေးဟိုးဒင်း (Felfax financial holding) တည်ထောင်သူ ပရမ်ဝတ်ဆာ၊ လွှတ်တော်အမတ်တွေ၊ ရုပ်ရှင်သရုပ်ဆောင် တွေ၊ အားကစားသမား၊ တက္ကသိုလ်က ပညာရှင်တွေနဲ့ စာရေးဆရာတွေ အစရှိတဲ့ လူအားလုံးဟာ ဒီကျောင်း ကနေ ထွက်ပေါ်လာကြတာပါ။ ကျွန်တော်က ကျောင်းစာပိုင်းမှာ ထူးချွန်သူတစ်ယောက် မဟုတ်သလို ကျောင်းဘက်ကလည်း ကျောင်းစာမှာ ဖိအားမပေးခဲ့ပါဘူး။ စိတ်ဝင်စားသူ က ရူပဗေဒ ဘာသာရပ်ကိုပဲ လေ့လာနိုင်ပါတယ်။ ဒါမှမဟုတ် သိပ္ပံ ဘာသာရပ်က ပျင်းစရာ ကောင်းတယ်လို့ ထင်ပြီး သမိုင်းကို စိတ်ဝင်စားရင် သမိုင်းဘာသာရပ်ကို သင်ယူနိုင်ပါတယ်။ လမ်းကြောင်းတစ်ခုကို လိုက်ဖို့ ဘေးပတ်ဝန်းကျင်ရဲ့ ဖိအား မျိုး မရှိပါဘူး။

ကျွန်တော် ဟိုက်ဒရာဘတ်ကျောင်းကို ရောက်ပြီး နှစ်အနည်းငယ်မှာ အဖေက ဘန်ကောက်မှာရှိတဲ့ ကုလသမဂ္ဂရုံးမှာ အလုပ်သွား လုပ်ရပါ တယ်။ သူက ကျွန်တော့်ရဲ့ ပေါ့ပေါ့နေတတ်တဲ့ စိတ်ဓာတ်ကို သိပ်မကြိုက်ပါ ဘူး။ သူက "ငါ မင်းကို ဆွဲထုတ်မယ်။ မင်းရဲ့ ၁၁ တန်း နဲ့ ၁၂ တန်းကို ဘန်ကောက်က အင်တာနေရှင်ကျောင်း တစ်ခုခုမှာ လာတက်သင့်တယ်" လို့ ပြောပါတယ်။ ကျွန်တော်ကတော့ "မဖြစ်နိုင်ဘူး"လို့ ပြန်ပြောခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်က ဟိုက်ဒရာဘတ် ကျောင်းမှာပဲ တွယ်ကပ်နေခဲ့ပါ တယ်။

အားလုံးကတော့ "မင်း ဘာကြောင့် ဒီလိုလုပ်ရတာလဲ၊ ရူးနေလို့လား" လို့ တွေးနေကြမှာပါ။ ဒါပေမဲ့ ကျွန်တော် ဘယ်နည်းနဲ့မှ ဒီကျောင်းကို မစွန့်ခွာ နိုင်ပါဘူး။ အဲဒီအချိန်က ခရစ်ကတ်က ကျွန်တော့်ဘဝရဲ့ အဓိက အစိတ်အပိုင်း ဖြစ်ပါတယ်။ ဒီကျောင်းမှာ တက်ခဲ့ရတာက ကျွန်တော့်

အတွက် အကြီးကျယ်ဆုံး အမှတ်တရတွေ ဖြစ်ခဲ့ပြီး ကျွန်တော့်ရဲ့ ယုံကြည်မှုတွေကိုလည်း တည်ဆောက် ပေးနိုင်ခဲ့ပါတယ်။

ကျွန်တော် ၁၂ တန်း ရောက်ချိန်မှာ ကျွန်တော့်ရဲ့ အိပ်မက်ကို တစ်ယောက်ယောက်က မေးမယ် ဆိုရင် အဲဒီအချိန်ကတော့ ကောလိပ်သေးသေး တစ်ခုမှာတက်မယ်၊ ဟိုက်ဒရာဘတ်အတွက် ခရစ်ကက် ကစားမယ်၊ ပြီးတော့ ဘဏ်တစ်ခုခုမှာ အလုပ်လုပ်မယ်လို့ ဖြေမိမှာပါ။ ဒီလောက်ပါပဲ။ အင်ဂျင်နီယာ ဖြစ်လာပြီးအနောက် ကမ္ဘာခြမ်းကို သွားဖို့ဆိုတာ တစ်ခါမှ မစဉ်းစားဖူးပါဘူး။ အမေကတော့ ကျွန်တော့်ရဲ့ အစီအစဉ်တွေကို သဘောကျနေတာပါပဲ။ "သားရဲ့ အစီအစဉ်တွေ အရမ်းကောင်းတယ်" လို့ပဲ ပြောပါတယ်။ ဒါပေမဲ့ ကျွန်တော့်အဖေကတော့ ဖိအားပေးခဲ့ပါတယ်။ "မင်း ဟိုက်ဒရာဘတ်ကနေ ထွက်ခွာရမယ်။ ဒီလိုမှ မဟုတ်ရင် မင်းကိုယ်မင်း ဖျက်ဆီးနေတာပဲ" လို့ ပြောပါတယ်။ ဒါဟာ အကြံဉာဏ်ကောင်းတစ်ခုပါ။ အဲဒီအချိန်ကတော့ ဟိုက်ဒရာဘတ်က ဒီနေ့လို နည်းပညာ ဆုံချက်မြို့ ဖြစ်လာမယ်လို့ ခန့်မှန်းသူ အနည်းငယ်ပဲရှိပါတယ်။ ကျွန်တော့်ရဲ့ သူငယ်ချင်းအသိုင်းအဝိုင်းကို ဖြတ်တောက်ပစ်ဖို့က တော်တော်ပဲ ခက်ခဲပါတယ်။ ဒါပေမဲ့ အဖေပြောတာ မှန်ပါတယ်။ ကျွန်တော့်ရဲ့ ရည်ရွယ်ချက်က နွားခြေရာခွက်ထဲက ဖားသူငယ်လို ဖြစ်နေတာပါ။ ကျွန်တော့်အတွက် အမြင်ကျယ်ဖို့ လိုအပ်နေပါတယ်။ ခရစ်ကတ်က ကျွန်တော့်ရဲ့ ပထမချစ်မြတ် နိုးရာဆိုရင် ကွန်ပျူတာက ဒုတိယနေရာမှာ ရှိနေပါတယ်။ ကျွန်တော် ၁၅ နှစ်အရွယ်မှာ အဖေက ဘန်ကောက်ကနေ ဆင်ကလဲရား ZX Spectrum အမျိုးအစား ကွန်ပျူတာတစ်လုံး ဝယ်လာပေး ပါတယ်။ ဒီကွန်ပျူတာရဲ့ Z80 CPU ကို ၁၉၇၀ နှစ်လယ် လောက်က intel က ထွက်လာတဲ့ အင်ဂျင်နီယာတစ်ယောက်က တီထွင်ခဲ့တာပါ။ သူက intel မှာ 8080 ပရောဆက်စာအတွက်

အလုပ်လုပ်ခဲ့သူပါ။ ဖြစ်ချင်တော့ 8080 ပရောဆက်ဆာက ဘီလ်ဂိတ်နဲ့ ပေါဘဲအလန်တို့ ရေးသားခဲ့တဲ့ မိုက်ခရိုဆော့ဖ်ရဲ့ မူလဗားရှင်း BASIC ကို ရေးသားစဉ်က အသုံးပြုခဲ့တဲ့ ချစ်ပ် ဖြစ်ပါတယ်။

ZX Spectrum ကွန်ပျူတာက ကျွန်တော့်ကို ဆော့ဝဲလ်၊ အင်ဂျင်နီယာပညာရပ် နဲ့ personal computing နည်းပညာတွေက ဒီမိုကရေစီ ဖြစ်စဉ်ကို ဖြစ်ပေါ်စေနိုင်တယ်ဆိုတဲ့ အတွေးအခေါ်တွေ ဖြစ်ပေါ်လာအောင် လှုံ့ဆော်ပေးနိုင်ခဲ့ပါတယ်။ အိန္ဒိယရဲ့ လူမသိသူမသိ ကလေးငယ် တစ်ယောက်ကတောင် ပရိုဂရမ်ရေးနည်းကို လေ့လာနိုင်တယ်ဆိုရင် ဘယ်သူမဆို လူတိုင်း လေ့လာနိုင်မှာ အသေအချာပါပဲ။

ကျွန်တော် အိန္ဒိယ နည်းပညာ တက္ကသိုလ် ITT ရဲ့ ဝင်ခွင့် စာမေးပွဲကို မအောင်မြင်ခဲ့ပါဘူး။ အဲဒီအချိန်တုန်းကဒီ ဝင်ခွင့်စာမေးပွဲက အိန္ဒိယရဲ့ လူလတ်တန်းစား ကလေးတစ်ယောက်အဖို့ တက္ကသိုလ်ပညာရပ်နဲ့ ပတ်သက်လာရင် အားထားစရာ ဖြစ်တဲ့အတွက် လူတိုင်း အောင်မြင်ချင်ကြပြီး ခက်ခဲတဲ့ စာမေးပွဲတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ကျရှုံးမှုက ဝင်ခွင့်စာမေးပွဲ ဆိုတာကို တစ်ခါမှ မကျရှုံးဖူးတဲ့ ကျွန်တော့်တွက်တော့ စိတ်အနှောင့်အယှက် ဖြစ်တာထက် လှောင်ပြောင် သရော်စရာ တစ်ခုလို ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ကံကောင်းချင်တော့ အင်ဂျင်နီယာလိုင်းလိုက်ဖို့ ကျွန်တော့်မှာ ရွေးချယ်စရာ ၂ ခု ရှိပါသေးတယ်။ မီဆရာက ဘာလာ နည်းပညာ တက္ကသိုလ်မှာ မက်ကနီကယ် ဘာသာရပ်နဲ့ မနီပေါလ် နည်းပညာ တက္ကသိုလ်မှာ အီလက်ထရီကယ် ဘာသာရပ်တို့နဲ့ တက္ကသိုလ် ဝင်ခွင့်ရခဲ့ပါတယ်။ အီလက်ထရစ်ကယ် ဘာသာရပ်ကို လေ့လာရတာက ကျွန်တော့်ကို ကွန်ပျူတာ၊ ဆော့ဝဲလ်နဲ့ နီးစပ်စေနိုင်တယ်ဆိုတဲ့ အတွေးနဲ့ မနီပေါလ် တက္ကသိုလ်ကို ရွေးချယ်ခဲ့ပါတယ်။ တကယ်တမ်းကျတော့လည်း ကျွန်တော့်

အတွေးက မှန်ခဲ့ပါတယ်။ တက္ကသိုလ်ပညာရေးက ဆီလီကွန် ဗယ်လီနဲ့ နောက်ဆုံး မိုက်ခရိုဆော့ဖ်ကို ရောက်ရှိလာစေမယ့် လမ်းကြောင်းပေါ်တင် ပေးလိုက်နိုင်ပါတယ်။ ကျွန်တော်နဲ့ ကောလိပ်မှာ တွေ့ခဲ့သူတွေက စွန့်ဦး တီထွင်လိုသူတွေနဲ့ ရည်ရွယ်ချက် မြင့်မားသူတွေ ဖြစ်ပါတယ်။ သူတို့ဆီက နေ ကျွန်တော် အများကြီး သင်ယူနိုင်ခဲ့ပါတယ်။ တကယ်တော့ ကျောင်းပြီး နှစ်တော်တော် အကြာမှာ မနီပေါလ်က ကျောင်းနေဖက် သူငယ်ချင်း ၈ ယောက်နဲ့ ကယ်လီဖိုးနီးရား ဆန်နီဗေးလ်မှာ အခန်းတစ်ခုငှားပြီး ကျွန်တော်တို့ရဲ့ အဆောင် အတွေ့အကြုံကို ပြန်ဖန်တီးခဲ့ ကြပါသေးတယ်။ အားကစားပိုင်း အရတော့ မနီပေါလ်က အများကြီး လိုအပ်နေပါသေး တယ်။ ကရစ်ကက် ကစားခြင်းက ကျွန်တော့်ရဲ့ အဓိကဆန္ဒ မဟုတ်တော့ပါ ဘူး။ ကောလိပ်အသင်းနဲ့ ခရစ်ကက်တစ်ပွဲ ကစားအပြီးမှာ ကျွန်တော့်ရဲ့ အားကစား ပစ္စည်းတွေကို သိမ်းထား လိုက်ပါပြီ။ ကွန်ပျူတာက ခရစ်ကတ် ရဲ့ နေရာကို ဝင်ယူလာပြီး ကျွန်တော့်ဘဝရဲ့ နံပါတ်တစ် ဖြစ်လာပါပြီ။ မနီ ပေါလ်မှာ ကွန်ပျူတာ ပြုလုပ်ရာမှာ ပထမဆုံး အခြေခံ စည်းမျဉ်းတွေဖြစ် တဲ့ အိုင်စီနဲ့ မိုက်ခရို အီလက်ထရောနစ် ဘာသာရပ်တွေကို သင်ကြားရပါ တယ်။

ကျွန်တော် အီလက်ထရစ်ကယ် အင်ဂျင်နီယာ ဘာသာရပ်နဲ့ ကျောင်းပြီး တဲ့ အချိန်မှာ ဘာလုပ်မယ်ဆိုတဲ့ အစီအစဉ် တိတိကျကျ မရှိပါဘူး။ ကျွန် တော့်ရဲ့ အနာဂတ်နဲ့ အခွင့်အရေးတွေ အကြောင်း စဉ်းစားတဲ့အခါမှာ ကျွန် တော့်အမေရဲ့ ဒဿနတွေက ကျွန်တော့်ကို လွှမ်းမိုးနေတယ်လို့ပဲ ပြောရာမှာ ပါ။ ကိုယ့်အတိုင်းအဆနဲ့ကိုယ် အလုပ်လုပ်တာကို ယုံကြည်သူ ဖြစ်ပါတယ်။ ကိုယ့်ကိစ္စကို ကိုယ်တိုင်လုပ်ရာမှာ ကိုယ်လုပ်နိုင်တဲ့ အတိုင်းအတာကို သိ လာပါတယ်။ လုပ်နေရတာကို သဘောကျ နေသမျှ စိတ်ပါလက်ပါနဲ့ ဆက်

လုပ်ပြီး ရိုးသားတဲ့ ရည်ရွယ်ချက် နောက်ကွယ်မှာ ရှိနေသ၍ ဘဝမှာ အရှုံးပေးရမှုတွေနဲ့ ကြုံရမှာမဟုတ်ပါဘူး။ ဒီသဘောတရားနဲ့ပဲ ကျွန်တော် ဘဝတစ်လျှောက်လုံးကို ရပ်တည်လာခဲ့ပါတယ်။ ဘွဲ့ရအပြီးမှာ ဘုံဘေက နာမည်ကြီးစက်မှု အင်ဂျင်နီယာ တက္ကသိုလ်မှာ တက်ရောက်ဖို့ အခွင့်အရေး ကျွန်တော်ရခဲ့ပါတယ်။ အမေရိကားက ကောလိပ်တချို့ကိုလည်း လျှောက်ခဲ့ပါသေးတယ်။ အဲဒီအချိန်က ကျောင်းသားဗီဇာရဖို့ ခက်ခဲပြီး ကျွန်တော်ဗီဇာလည်း ငြင်းပယ် ခံရမယ်လို့ပဲ မျှော်လင့်ထားပါတယ်။ ကျွန်တော် အိန္ဒိယကို လုံးဝမစွန့်ခွာချင်ပါဘူး။ ဒါပေမဲ့ ကံကြမ္မာက ဖန်တီးလာတော့ ကျွန်တော် ဗီဇာ ရလာခဲ့ပြီး နောက်တစ်ခါ ရွေးချယ်မှုလုပ်ရဖို့ ကြုံလာပါတယ်။ အိန္ဒိယမှာပဲ ဆက်နေပြီး ဘုံဘေက တက္ကသိုလ်မှာ စက်မှုအင်ဂျင်နီယာ မဟာဘွဲ့ တက်မလား၊ ဒါမှမဟုတ် မီလ်ဝါကီးက ဝစ်ကွန်ဆင် တက္ကသိုလ်ကို သွားပြီး အီလက်ထရစ်ကယ် အင်ဂျင်နီယာ မဟာဘွဲ့ယူမလား ရွေးချယ်ရတော့မှာပါ။ ကျွန်တော့်ရဲ့ ဟိုက်ဒရာဘတ် ကျောင်းက အချစ်ဆုံး သူငယ်ချင်း တစ်ယောက်က ဝစ်ကွန်ဆင် တက္ကသိုလ်မှာ ကွန်ပျူတာ သိပ္ပံဘာသာရပ်နဲ့ ကျောင်းတက်နေပါတယ်။ ဒါကြောင့် ကျွန်တော် ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ ကျွန်တော် ဝစ်ကွန်ဆင် တက္ကသိုလ်မှာ ကွန်ပျူတာ သိပ္ပံမဟာဘွဲ့ သင်တန်းကိုကို ဝင်ရောက်ခွင့် ရခဲ့ပါတယ်။ ကျွန်တော် ဒီဘာသာရပ်မှာ သင်ကြားခဲ့ရတာ အတွက်ဝမ်းသာ မိပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဒီဌာနက သေးငယ်တဲ့ ဌာနဖြစ်ပြီး ပရော်ဖက်ဆာတွေက ကျောင်းသားတိုင်းကို အပြည့်အဝ အာရုံစိုက် ပေးနိုင်လို့ပါ။ အထူးသဖြင့် ဌာနမှူး ဒေါက်တာ ဗီဗီယမ်နဲ့ ကျွန်တော့်ရဲ့ မဟာဘွဲ့အကြံပေး ပါမောက္ခ ဟိုဆီနီကို အထူးပဲ ကျေးဇူးတင်မိပါတယ်။ ကျွန်တော့်ကို အလွယ်လမ်း မလိုက်စေဘဲ ကွန်ပျူတာ သိပ္ပံဘာသာရပ်ရဲ့ အခက်ခဲဆုံးနဲ့ အကြီးမားဆုံး ပြဿနာတွေ

ကို ဖြေရှင်းဖို့ ညွှန်ကြားခဲ့လို့ပါ။

ကျွန်တော့်ကို တစ်ယောက်ယောက်က မီလ်ဝါကီးကို မြေပုံပေါ် ထောက်ပြပါဆိုရင် ကျွန်တော်ပြနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ၁၉၈၈ ကျွန်တော့်ရဲ့ ၂၁ နှစ်မြောက် မွေးနေ့မှာတော့ နယူးဒေလီ လေဆိပ်ကနေ ချီကာဂို အိုဟဲရား လေဆိပ်ကို ကျွန်တော် ပျံသန်းလာခဲ့ပါပြီ။ သူငယ်ချင်း တစ်ယောက်က လေဆိပ်ကနေ ကမ်းပတ်စ်ရှိရာကို ပို့ပေးခဲ့ပါတယ်။ ကျွန်တော် မှတ်မိ နေတာကတော့ တိတ်ဆိတ်ငြိမ်သက်မှုပါ။ အရာအားလုံးက တိတ်ဆိတ် ငြိမ်သက်နေပါတယ်။ မီလ်ဝါကီက အံ့သြစရာ ကောင်းလောက်အောင် မူလပုံစံအတိုင်း တည်ရှိနေပါတယ်။ ကျွန်တော့်စိတ်ထဲ ဒီနေရာက ဘုရားသခင်ရဲ့ နိဗ္ဗာန်ဘုံလို့တောင် ထင်မိပါတယ်။ ကျွန်တော်ရောက်တဲ့ အချိန်က လှပတဲ့ နွေရာသီကာလပါ။ ကျွန်တော့်ရဲ့ အမေရိကားက ဘဝက စတင်ပါပြီ နွေရာသီကနေ ဆောင်းရာသီ ပြောင်းလာတဲ့အခါမှာ ဝစ်ကွန်ဆင်ရဲ့ အအေးဒဏ်က အိန္ဒိယ တောင်ပိုင်းကလာသူ တစ်ယောက်အဖို့ တော်တော်ပဲ အေးပါတယ်။ အဲဒီအချိန်က ကျွန်တော် ဆေးလိပ်သောက်တတ်ပြီး ဆေးလိပ်သောက်သူ အားလုံးက အပြင်မှာရပ်ပြီး သောက်ကြပါတယ်။ ကမ္ဘာ အနှံ့အပြားက ကျွန်တော်တို့လိုလူ တော်တော်များများ ရှိပါတယ်။ ကျွန်တော်တို့ အိန္ဒိယ ကျောင်းသားတွေက အအေးဒဏ်ကို မခံနိုင်တဲ့အတွက် ဆေးလိပ် ဖြတ်လိုက်ကြပါတယ်။ အဲဒီနောက်မှာ တရုတ်က သူငယ်ချင်းတွေ ဆေးလိပ် ဖြတ်လိုက်ကြပါတယ်။ ဒါပေမဲ့ ရုရှတွေကတော့ အအေးဒဏ်ကို မမှုကြပါဘူး။ သူတို့ကတော့ ဆက်သောက်နေကြပါတယ်။

တခြားကျောင်းသားတွေလိုပဲ ကျွန်တော်လည်း အိမ်လွမ်းနာ ကျခဲ့ပါသေးတယ်။ ဒါပေမဲ့ အမေရိကားက ကျွန်တော်တို့အပေါ် တော်တော်ဖော်ရွေပါတယ်။ ကျွန်တော့်ဇာတ်ကြောင်းက တခြားနေရာမှာဆို ဖြစ်နိုင်မယ်လို့ မ

ထင်ပါဘူး။ ဒီကနေ့မှာတော့ ကျွန်တော့်ကိုယ်ကျွန်တော် အမေရိကန် နိုင်ငံသား တစ်ယောက်လို့ ဂုဏ်ယူစွာနဲ့ ပြောနေနိုင်ပါပြီ။ အတိတ်ကို ပြန် ကြည့်မယ်ဆိုရင် ကျွန်တော့်ဇာတ်ကြောင်းက ပရိုဂရမ်တစ်ခုနဲ့ နည်းနည်း ဆင်တူနေမယ်လို့ ထင်ပါတယ်။ အိန္ဒိယ အစိုးရဝန်ထမ်း တစ်ယောက်ရဲ့ သားက စာကြိုးစားပြီး အင်ဂျင်နီယာဘွဲ့ရခဲ့တယ်။ ပြီးတော့ အမေရိကားကို ပြောင်းရွှေ့ပြီး နည်းပညာနယ်ပယ်မှာ အောင်မြင်လာတယ် ဆိုတဲ့ ပရိုဂရမ် ပါ။ ဒါပေမဲ့ ဒီလောက် မရိုးရှင်းပါဘူး။ လူတွေ သတ်မှတ်ထားသလို မဟုတ် တာက ကျွန်တော်က ကျောင်းစာမှာ ထူးချွန်သူ မဟုတ်ပါဘူး။ ဆီလီကွန် ဗ ယ်လီနဲ့ အဓိပ္ပာယ် အတူတူနီးပါး ဖြစ်နေတဲ့ နာမည်ကြီး အိန္ဒိယနည်းပညာ တက္ကသိုလ် IIT ကို တက်ခဲ့သူလည်း မဟုတ်ပါဘူး။ ကျွန်တော့်လိုလူမျိုး တစ် ယောက်အတွက် တက်ခဲ့တဲ့ ကျောင်းကြောင့် မဟုတ်ဘဲ ကိုယ့်ကိုယ်ကိုယ် သက်သေပြနိုင်ဖို့က အမေရိကားလို နိုင်ငံမှာပဲ ဖြစ်နိုင်ပါတယ်။ ဒါက အမေ ရိကားကို ရွှေ့ပြောင်း လာကြတဲ့ အစောပိုင်းကာလက လူတွေအပေါ် မှန်ကန်သလို နောက်လာမယ့် မျိုးဆက် အတွက်လည်း မှန်နေဦးမယ်လို့ ကျွန်တော်ထင်ပါတယ်။

အိန္ဒိယ နိုင်ငံက ဗြိတိန်ဆီက လွတ်လပ်ရေး ရရှိလာတာ၊ အမေရိကန်ရဲ့ လူထုအခွင့်အရေး လှုပ်ရှားမှုကြောင့် ပြောင်းလဲသွားတဲ့ အမေရိကန် လူဝင်မှုကြီးကြပ်ရေး မူဝါဒနဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ နည်းပညာ ပေါက်ကွဲမှု တွေလို အဖြစ်အပျက်တွေ ပေါင်းစပ်ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးကျေးဇူးတွေကို အခြားသူတွေလိုပဲ ရရှိခဲ့တာက ကျွန်တော့်ရဲ့ ကံ တရားပဲ ဖြစ်ပါတယ်။ အိန္ဒိယရဲ့ လွတ်လပ်ရေး ရရှိမှုက ကျွန်တော်တို့လို နိုင်ငံသားတွေအတွက် ပညာရေးမှာ ကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှု ဖြစ်ပေါ်စေ ခဲ့ပါတယ်။ အမေရိကားမှာ ၁၉၆၅ လူဝင်မှုကြီးကြပ်ရေးနဲ့ နိုင်ငံသား ပေးမှု

ဥပဒေက မူရင်း အခြေချနေနိုင်သူ ခွဲတမ်း စနစ်ကို ပယ်ဖျက်ပြီး အမေရိကားကို ကျွမ်းကျင် လုပ်သားတွေ ပြောင်းရွှေ့လာပြီး အလုပ်လုပ်နိုင်အောင် ခွင့်ပြုပေးခဲ့ပါတယ်။ အဲဒီမတိုင်ခင်ကတော့ တစ်နှစ်မှာ အိန္ဒိယနိုင်ငံသား အရေအတွက် တစ်ရာလောက်ပဲ ပြောင်းရွှေ့ နေထိုင်ခွင့်ရခဲ့ ပါတယ်။ သမိုင်းပညာရှင် တက်ဒ်ဝီလ်မာက ဒီလူဝင်မှု ကြီးကြပ်ရေး ဥပဒေသစ်ရဲ့ နှစ် ၅၀ မြောက်အဖြစ် နယူးယောက်တိုင်းမ်မှာ ရေးသားရာမှာ ဒီဥပဒေ အသစ်ကြောင့် အမေရိကားကို ပြောင်းရွှေ့ နေထိုင်သူပေါင်း ၅၉ သန်းကျော် ရှိခဲ့တယ်လို့ ဖော်ပြခဲ့ပါတယ်။ ဒါပေမဲ့ နိုင်ငံတွင်း ဝင်ရောက်ခွင့်က အထိန်းအချုပ်မဲ့ မဟုတ်ပါဘူး။ ဥပဒေက နည်းပညာ ကျွမ်းကျင်သူတွေနဲ့ အမေရိကားမှာ ရောက်ရှိနေပြီးဖြစ်တဲ့ မိသားစုဝင်တွေကို ဦးစားပေးခဲ့ပါတယ်။ ကျွန်တော်ကတော့ ဒီလိုကြီးမားတဲ့ လက်ဆောင်ကို ရရှိသူတစ်ယောက် ဖြစ်ခဲ့တယ်ဆိုတာ သိတောင် မသိလိုက်ပါဘူး။ ဒီလှုပ်ရှားမှုတွေကြောင့် ၁၉၉၀ နည်းပညာပေါက်ကွဲမှု မဖြစ်ခင်လေးမှာ ကျွန်တော့်ရဲ့ ဆော့ဝဲလ် စွမ်းရည်ကို အမေရိကားမှာ ပြသခွင့် ရခဲ့ပါတယ်။ ထိပေါက်လိုက်သလိုပါပဲ။

ဝင်စ်ကွန်ဆင် တက္ကသိုလ်ရဲ့ ပထမဆုံး နှစ်ဝက် စာသင်နှစ်မှာ image processing၊ computer architecture နဲ့ ရှေးအကျဆုံး ပရိုဂရမ် ရေးဆွဲခြင်း ဘာသာရပ်ဖြစ်တဲ့ LISP ဘာသာရပ် တို့ကို လေ့လာခဲ့ပါတယ်။ ပထမဆုံး လုပ်ရတဲ့ သင်ခန်းစာကတော့ ကြီးမားတဲ့ ပရိုဂရမ် ရေးဆွဲခြင်း ပရောဂျက်တစ်ခုပါ။ ကျွန်တော် ကုဒ်နည်းနည်းလောက် ရေးဖူးပေမဲ့ ကုဒ်ရေးသားခြင်းမှာ ကျွမ်းကျင်သူ တစ်ယောက် မဟုတ်သေးပါဘူး။ အမေရိကားမှာ လူတွေရဲ့ သတ်မှတ်ချက်က အိန္ဒိယသားတွေဟာ ကုဒ်ရေးသားခြင်းမှာ မွေးကတည်းက ထူးချွန်ကြတယ်ဆိုတဲ့ အမြင်ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်

တို့အားလုံး နေရာတစ်ခုခု ကနေတော့ စတင်လေ့လာ ရတာချည်းပါပဲ။ သင်ခန်းစာက အခြေခံအားဖြင့်တော့ ကုဒ်တော်တော်များများ ရေးသားရမှာ ဖြစ်ပါတယ်။ ဒါက အရမ်းခက်ခဲတဲ့အတွက် ကျွန်တော် မြန်မြန်လေ့လာတတ်မြောက်ဖို့ လိုပါတယ်။ ကျွန်တော် လုပ်လိုက်နိုင်ပြီးတာနဲ့ ဒီသင်ခန်းစာက တော်တော် အံ့သြဖို့ကောင်းတာ သိလိုက်ပါတယ်။ မိုက်ခရို ကွန်ပျူတာက ကမ္ဘာကြီးကို ပြောင်းလဲနိုင်မယ် ဆိုတော့ တော်တော် စောစောကတည်းက ကျွန်တော် သိနေခဲ့ပါတယ်။ အစပိုင်းမှာတော့ ကွန်ပျူတာဆိုတာ ချစ်ပ်တွေ တည်ဆောက်ရတာပဲလို့ ထင်နေပါတယ်။ ကျွန်တော့်ရဲ့ ကောလိပ်သူငယ်ချင်း အများစုက ချစ်ပ်ဒီဇိုင်း ဘာသာရပ်ဘက်ကို လိုက်သွားကြပြီး အကျိုးသက်ရောက်မှု ကြီးမားတဲ့ mentor graphic၊ Synopsys နဲ့ Juniper တို့မှာ အလုပ်လုပ် နေကြပါပြီ။

မသေချာမှုတွေ မြင့်မားပြီး တိကျတဲ့အချိန်မှာ ဆုံးဖြတ်ချက် မြန်မြန်ပြုလုပ်ပေးနိုင်ဖို့ ဖန်တီးထားတဲ့ ကွန်ပျူတာသိပ္ပံရဲ့ သီအိုရီပိုင်းဆိုင်ရာ ဗဟိုချက်ကို ကျွန်တော်ပိုပြီး စိတ်ဝင်စား လာပါတယ်။ ကျွန်တော့်ရဲ့ ဦးတည်ချက်က Graph coloring လို့ သိကြတဲ့ ကွန်ပျူတာ သိပ္ပံဘာသာရပ်ရဲ့ ပဟေဠိ ဖြစ်ပါတယ်။ ဒါက ဂရပ်တွေကို ရောင်စုံခဲတံတွေနဲ့ အရောင်ခြယ်နေရတာ မဟုတ်ပါဘူး။ graph coloring ဆိုတာ တွက်ချက်မှု ပိုင်းဆိုင်ရာ ရှုပ်ထွေးတဲ့ သီအိုရီရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်ပြီး အရောင်လို့ ခေါ်ကြတဲ့လေ ဘယ်တွေကိုဂရပ်ရဲ့ အစိတ်အပိုင်းတွေမှာ သတ်မှတ်ထားတဲ့ ကန့်သတ်ချက်တွေ အတွင်း ထည့်သွင်းရပါတယ်။

အမေရိကားရဲ့ မြေပုံကို ကာလာခြယ်နေတယ် လို့ စဉ်းစားကြည့်ပါ။ နယ်စပ်မျဉ်းဘုံရှိနေတဲ့ ပြည်နယ်တွေကို အရောင်တူ မသုံးရပါဘူး။ ဒီအလုပ် ပြီးမြောက်ဖို့ လိုအပ်မယ့် အနည်းဆုံး အရောင်အရေအတွက်က

ဘယ်လောက်ဖြစ်မလဲ၊ ကျွန်တော့်ရဲ့ မဟာဘွဲ့စာတမ်းက အတိအကျ မသတ်မှတ်ထားတဲ့ ပိုလီနိုမီယယ်အချိန် သို့မဟုတ် NP-complete အတွင်းမှာ ရှုပ်ထွေးတဲ့ graph coloring ကို ပြီးမြောက်နိုင်တဲ့ အကောင်းဆုံး နည်းလမ်းကို ဖော်ထုတ်ခြင်းနဲ့ ပတ်သက်တဲ့ အကြောင်းအရာ ဖြစ်ပါတယ်။ တခြားစကားလုံးနဲ့ ပြောရမယ်ဆိုရင် လျင်မြန်ပြီး ကောင်းမွန်နေပေမဲ့ အမြဲတမ်း အကောင်းဆုံး မဟုတ်တဲ့ နည်းလမ်းတွေ အကန့်အသတ်မဲ့ ဖြစ်ပေါ်နေတဲ့ အခြေအနေ ရှိတဲ့ ပြဿနာတစ်ခုကို ဘယ်လို ဖြေရှင်းမလဲဆိုတဲ့ အကြောင်းအရာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အခုအချိန်မှာ အကောင်းဆုံး ဖြေရှင်းလိုက်မလား ဒါမှမဟုတ် အကောင်းဆုံး ဖြေရှင်းနည်းကို ဆက်ရှာဖွေဖို့ ထာဝရ အလုပ်လုပ်နေမလားဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ကွန်ပျူတာ သိပ္ပံရဲ့ သီအိုရီပိုင်းက ကျွန်တော့်ကို တော်တော်ပဲ ဆွဲဆောင်နိုင်ခဲ့ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဒီကနေ့ ကွန်ပျူတာတွေရဲ့ ဘာတွေလုပ်နိုင်လဲဆိုတဲ့ အကန့်အသတ်ကို ပြသနေလို့ပါ။ ဒီကနေမှ နောက်တစ်ဆင့်အဖြစ် သင်္ချာပညာရှင်နဲ့ ကွန်ပျူတာ သိပ္ပံပညာရှင်တွေ ဖြစ်တဲ့ ဂျွန်ဗွန် နူးမန်း၊ အလန်တောရင်းတို့နဲ့ ဒီစာအုပ်ရဲ့ နောက်ပိုင်းမှာ AI နဲ့ machine learning တို့ အကြောင်းပြောတဲ့အခါ တွေ့ရမယ့် quantum computing တို့အပေါ် ကျွန်တော့်ရဲ့ စိတ်ဝင်စားမှုက မြင့်တက်လာခဲ့ပါတယ်။ ပြီးတော့ စဉ်းစားကြည့်မယ်ဆိုရင် အကန့်အသတ်တွေထဲမှာ သွက်သွက်လက်လက် စီမံခန့်ခွဲနေရတဲ့ စီအီးအို တစ်ယောက်အတွက် အကောင်းဆုံး သင်ခန်းစာတွေ ဖြစ်ခဲ့ပါတယ်။

ဝစ်စ်ကွန်ဆင်မှာ ကွန်ပျူတာ သိပ္ပံဘာသာရပ်နဲ့ မဟာဘွဲ့ ပြီးမြောက်ခဲ့ပြီး အခု မိုက်ခရိုဆော့ဖ်က ISV လို့ခေါ်တဲ့ အမှီအခိုကင်းတဲ့ ဆော့ဖ်ဝဲလ်ထုတ်လုပ်သူတွေ ဆီမှာတောင် အလုပ်လုပ်နိုင်ခဲ့ပါတယ်။ ကျွန်တော့်ရဲ့

မဟာဘွဲ့စာတမ်း ပြုစုနေစဉ်မှာ အော်ရေကဲလ်(Oracle) ဒေတာဘေ့စ် အတွက် အပ်တွေကို ကျွန်တော် တည်ဆောက်ခဲ့ပါတယ်။ ကျွန်တော်က ဆက်သွယ်မှုဆိုင်ရာ အယ်ဂျီဘရာမှာ ကျွမ်းကျင်တဲ့အတွက် ဒေတာဘေ့စ်နဲ့ SQL ပရိုဂရမ်းမင်း ဘာသာရပ်တွေမှာပါ ကျွမ်းကျင်လာခဲ့ ပါတယ်။ အဲဒီ အချိန်က UNIX workstation တွေပေါ်က character နဲ့ text တွေကို ဝင်းဒိုး လို graphical interface ပေါ်ကို ပြောင်းနေတဲ့ခေတ် ဖြစ်ပါတယ်။ ဒါက ၁၉၉၀ အစောပိုင်း ကာလတွေမှာဖြစ်ပြီး အဲဒီအချိန်က မိုက်ခရိုဆော့ဖ်ကို ကျွန်တော် စဉ်းတောင် မစဉ်းစားမိခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က PC ကို လုံးဝ အသုံးမပြုပါဘူး။ ပိုပြီး စွမ်းအားမြင့်တဲ့ workstation ပေါ်ကိုပဲ ကျွန်တော် အာရုံစိုက် နေခဲ့ပါတယ်။

တကယ်တော့ ၁၉၉၀ မှာ ကျွန်တော့်ရဲ့ ပထမဆုံး အလုပ်ဖြစ်တဲ့ Sun Micro System အတွက် ဆီလီကွန်ဗယ်လီကို သွားဖို့ မီလ်ဝါကီးကနေ ထွက်ခွာလာခဲ့ပါတယ်။ Sun က workstation ဈေးကွက်ရဲ့ ဦးဆောင်သူဖြစ်ပြီး ဒီဈေးကွက်ကို မိုက်ခရိုဆော့ဖ်ကလည်း ချိန်ရွယ်နေပါတယ်။ Sunက အံ့အားသင့်စရာ ကောင်းလောက်တဲ့ ပါရမီရှင်တွေကို စုဆောင်းနိုင်ခဲ့ပါတယ်။ တည်ထောင်သူ စကော့ မက်နီလီနဲ့ ဘေလ်ဂျွိုင်းတို့အပြင် Java တီထွင်သူ ဂျိမ်စ် ဂရော့စလင်း၊ ကျွန်တော်တို့ရဲ့ ဆော့ဝဲလ် ရေးသားခြင်းဌာနရဲ့ ဒုတိယဥက္ကဋ္ဌ ဖြစ်ပြီး နောက်ပိုင်းမှာ Novell နဲ့ Google တည်ထောင်သူ အဲရစ်ရှမစ်တို့လို လူတွေလည်း ပါဝင်ပါတယ်။

ကျွန်တော့်ရဲ့ Sun မှာ အလုပ်လုပ်ခဲ့တဲ့ ၂ နှစ်တာ ကွန်ပျူတာ လုပ်ငန်းအတွက် အကြီးအကျယ် ဆုံးပြောင်းလဲနေတဲ့ ကာလလ ဖြစ်ပါတယ်။ Sun က မိုက်ခရိုဆော့ဖ်ရဲ့ Graphical User Interfaceပါတဲ့ ဝင်းဒိုးကို မျှော်လင့်တကြီးနဲ့ စောင့်ကြည့်နေပြီး မိုက်ခရိုဆော့ဖ်ကလည်း Sun ရဲ့ စွမ်းအားကြီးမား

ပြီး လုပတဲ့ 32 bitworkstations and Operating system ကို မျှော်လင့်တကြီး စောင့်ကြည့်နေတဲ့ ကာလဖြစ်ပါတယ်။ ကျွန်တော်က အချိန်ကိုက်နေရာကိုက်မှာ ရှိနေခဲ့တာပါ။ Sunက ကျွန်တော့်ကို သူတို့ရဲ့ အီးမေးလ်ဆော့ဝဲလ်ကို desktop ဆော့ဝဲလ်တွေ ရေးသားဖို့ တာဝန်ပေးပါတယ်။ နောက်ပိုင်းမှာ ကျွန်တော် ကမ်းဘရစ်၊ မက်ဆာချူးဆက်တို့ကို သွားပြီး သူတို့ရဲ့ spreadsheet ဆော့ဝဲလ်တွေကို Sun Worksation ပေါ်မှာ ချိတ်ဆက်နိုင်ဖို့ lotus နဲ့ အတူတူ အလုပ်လုပ် ခဲ့ရပါတယ်။ အဲဒီနောက်မှာ စိတ်ရှုပ်စရာတစ်ခုကို ကျွန်တော်သတိပြုမိ လာပါတယ်။ လအနည်းငယ် အကြာတိုင်းမှာ Sun က Graphical User interface ဗျူဟာ အသစ်တစ်ခုကို တီထွင်ချင်ပါတယ်။ ဒီအတွက် ကျွန်တော့်ရဲ့ ပရိုဂရမ်ကို အမြဲလိုလို ပြန်ရေးနေရပြီး သူတို့ရဲ့ရှင်းပြချက် တွေကလည်း ကျွန်တော်အတွက် တဖြည်းဖြည်းနဲ့ အဓိပ္ပာယ် မဲ့လာပါတယ်။ သူတို့ရဲ့ ခြွင်းချက်မဲ့ ခေါင်းဆောင်မှုနဲ့ စွမ်းဆောင်နိုင်မှု ရှိနေတဲ့ ကြားက ခိုင်လုံတဲ့ ဆော့ဝဲလ် ဗျူဟာတစ်ခု တည်ဆောက်ဖို့နဲ့ ကိုင်စွဲထားဖို့ ခက်ခဲနေတယ် ဆိုတာကို ကျွန်တော် သဘောပေါက် လာပါတယ်။

၁၉၉၂ မှာ ကျွန်တော့်ဘဝရဲ့ လမ်းဆုံ လမ်းခွကို နောက်တစ်ခါ ပြန်ရောက်နေပါပြီ။ ကျွန်တော်က ကမ္ဘာကြီးကို ပြောင်းလဲနိုင်တဲ့ ဆော့ဝဲလ်အတွက် အလုပ်လုပ်ချင် နေတာပါ။ ကျွန်တော့်ရဲ့ MBA ဘွဲ့အတွက် ကျောင်းပြန်တက်ချင် နေပါတယ်။ ပြီးတော့ ကျွန်တော်နဲ့ လက်ထပ်ပြီး အမေရိကားကိုခေါ်ဖို့ ရည်ရွယ်ထားတဲ့ အာနူးကိုလည်း လွမ်းနေပါပြီ။ သူက မနီပေါလ်မှာ ဗိသုကာဘွဲ့ ရခါစဖြစ်ပြီး သူကျွန်တော်ရှိတဲ့ အမေရိကားကိုလာဖို့ စအစီအစဉ် ဆွဲနေတဲ့ အချိန်ဖြစ်ပါတယ်။

အရင်အချိန်တွေလိုပဲ ကျွန်တော့်မှာ မာစတာပလန် မရှိပါဘူး။ ဒါပေမဲ့

နေ့လယ်ခင်း တစ်ခုမှာ ဝါရှင်တန်ရက်ဒ်မွန်က ဖုန်းခေါ်ဆိုမှု တစ်ခုက မမျှော်လင့်ထားတဲ့ အခွင့်အရေး အသစ်တစ်ခုကို ဖန်တီးပေးခဲ့ပါတယ်။ ကျွန်တော့်အတွက် ပြန်လည်ဆန်းသစ်ရမယ့် အချိန်တစ်ခု ရောက်လာပြန် ပါပြီ။

ပစီဖိတ် အနောက်မြောက် ဒေသရဲ့ နွေဝင်ဘာလရဲ့ အေးမြတဲ့ နေ့တစ်နေ့မှာ ကျွန်တော် မိုက်ခရိုဆော့ဖ်ကမ်းပတ်စ်ကို ခြေချခဲ့ပြီး တစ်ခါမှ တွေးမထားဘူးတဲ့ အဆောက်အအုံ နံပါတ်၂၂ က ရုံးခန်းကို ရောက်လာခဲ့ပါတယ်။ အဆောက်အအုံကို မြင့်မားတဲ့ ထင်းရှူးပင်တွေ ဝန်းရံ ထားပါတယ်။ ဒီနေ့အထိတောင်မှ ဒီမြင်ကွင်းကို ရက်ဒ်မွန်နဲ့ ဆီရက်တဲလ်ကို ဆက်သွယ်ပေးတဲ့ မိုးပျံတံတားရှိတဲ့ ကပ်ရပ်တည်ရှိရာလမ်း နံပါတ် ၅၀ကနေ မြင်တွေ့နိုင်ပါသေးတယ်။ ၁၉၉၂ ခုနှစ်မှာပါ။ မိုက်ခရိုဆော့ဖ်ရဲ့ စတော့ဈေးကွက် စတင်မြင့်တက် နေတဲ့ရဲ့အချိန် ဖြစ်ပါတယ်။ ဒါပေမဲ့ တည်ထောင်သူတွေ ဖြစ်တဲ့ ဘီလ်ဂိတ်နဲ့ ပေါလ်အဲလန်တို့ကို ဘယ်သူမှ ကောင်းကောင်းမသိ သေးပါဘူး။ ဝင်းဒိုး 3.1 ဖြန့်ချိ ခါစ အချိန်နဲ့ အခမ်းနားဆုံး သုံးစွဲသူ နည်းပညာဖြစ်လာမယ့် ဝင်းဒိုး 95အတွက် အခြေတည်စအချိန် ဖြစ်ပါတယ်။ ဆိုနီကလည်း စီဒီရွန်ကို စမိတ်ဆက်ပြီး ပထမဆုံး ဝက်ဆိုဒ်ကို လွှင့်တင်ခဲ့ပါတယ်။ ဒါတွေက အင်တာနက် လှိုင်း ရောက်မလာခင် ၂ နှစ် အလိုမှာ ဖြစ်ပါတယ်။ TCI က ဒီဂျစ်တယ် ကေဘယ်ကို တီထွင်ခဲ့ပြီး FCC က ဒီဂျစ်တယ် ရေဒီယိုကို ခွင့်ပြုခဲ့ပါတယ်။ ဂရပ်ပေါ်မှာတော့ PC ရဲ့ ရောင်းအားက ဥက္ကာပျံတွေ ကျလာတဲ့ အမြန်နှုန်းလို လျှင်လျှင်မြန်မြန် တိုးတက်နေပါတယ်။ အခုအချိန်မှာ အတိတ်ကို ပြန်ကြည့်မယ်ဆိုရင် ကျွန်တော် မိုက်ခရိုဆော့ဖ်ကို ရောက်လာတဲ့ အဲဒီတုန်းကထက် ကောင်းတဲ့အချိန် မရှိနိုင်ပါဘူး။ အရင်းအမြစ်တွေ၊ ပင်ကိုဗီဇတွေနဲ့ ရည်မှန်းချက်တွေက နည်းပညာနယ်ပယ်ကို ဦးဆောင်နိုင်ဖို့ အတွက် ပြီးမြောက်ဖို့ အသင့်ဖြစ်နေပါတယ်။

ကျွန်တော့်ရဲ ရက်ဒ်မွန်ကို ရောက်လာတဲ့ ခရီးစဉ်က အိန္ဒိယက ကျွန်တော့် အိမ်ကနေ ဘွဲ့လွန်တက်ဖို့ ဝင်စ်ကွန်ဆင်၊ အဲဒီကနေမှ Sun မှာ အလုပ်လုပ် ဖို့နဲ့ စီလီကွန် ဗယ်လီကို ခေါ်ဆောင်လာခဲ့ပါတယ်။ ကျွန်တော့်ကို မိုက်ခရို ဆော့ဖ်က အသက် ၂၅ နှစ် အရွယ် ယုံကြည်မှု ပြင်းထန်သူတစ်ယောက် အဖြစ် အလုပ်ခန့်ခဲ့တာက ကုမ္ပဏီရဲ့ လူကြိုက်များနေတဲ့ သုံးစွဲသူ စနစ်ကို ပိုပြီး စွမ်းအားမြင့်တဲ့ စီးပွားရေး စနစ်တစ်ခုအဖြစ် ချဲ့ထွင်ဖို့ ဒီဇိုင်းပြုလုပ် ထားတဲ့ 32 bit Windows NT Operating System အတွက်ဖြစ်ပါတယ်။ နောက်နှစ် အနည်းငယ် အကြာမှာတော့ Windows NT က နောက်လာမယ့် operating systemတွေရဲ့ အဓိကကျောရိုး ဖြစ်လာပါတယ်။ ဒီနေ့ ဝင်းဒိုးဖြစ် တဲ့ Windows 10 ကိုတောင်မှ NT ရဲ့ အာခီတက်ချာပေါ် အခြေခံပြီး တည်ဆောက်ထားတာပါ။ ကျွန်တော် SUN မှာ အလုပ်လုပ် နေကတည်း က NT အကြောင်းကြားဖူး ပါတယ်။ ဒါပေမဲ့ တစ်ခါမှ အသုံးမပြုဖူးပါဘူး။ ကျွန် တော့်ရဲ့ လုပ်ဖော်ကိုင်ဘက် တစ်ယောက်က မိုက်ခရိုဆော့က NT အကြောင်းကို ဆော့ဝဲလ် ရေးသားသူတွေကို ပြသတဲ့ ကွန်ဖရင့် တစ်ခုကို တက်ခဲ့ဖူးပါတယ်။ သူပြန်လာတဲ့ အချိန်မှာ ကျွန်တော့်ကို NT အကြောင်း ပြောပြပါတယ်။ အဲဒီကတည်းက ဒီထုတ်ကုန်က အရေးပါလာမှာပဲလို့ တွေး ခဲ့ဖူးပါတယ်။ ကျွန်တော်က အကျိုးသက်ရောက်မှု အစစ်အမှန်တွေ ရှိနေတဲ့ နေရာမှာ ရှိနေချင် ခဲ့တာပါ။ ကျွန်တော့်ကို မိုကိခရိုဆော့ဖ်မှာ အလုပ်ခန့်ခဲ့ တဲ့ ရစ်ချက်တီတ်နဲ့ ဂျက်ဖ်တီပက်တို့က UNIX နဲ့ 32 bit Operating System ကိုနားလည်တဲ့ လူတစ်ယောက် လိုအပ်နေတယ်လို့ ပြောပါတယ်။ ကျွန် တော့်ဘက်က မပြတ်မသား ဖြစ်နေခဲ့ပါတယ်။ ကျွန်တော် တကယ်တမ်း လုပ်ချင်နေတာက စီးပွားရေး တက္ကသိုလ်မှာ MBA ဘွဲ့ ယူဖို့ပါ။ ကုမ္ပဏီရဲ့ တာဝန်ရှိသူတွေက ကျွန်တော့်ရဲ့ အင်ဂျင်နီယာဆိုင်ရာ သင်တန်းအတွက်

ဖြည့်စွက်ပေးမယ်ဆိုတာ သိပါတယ်။ ပြီးတော့ ကျွန်တော်က ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ဘဏ်လုပ်ငန်းကို ပြောင်းရွှေ့ဖို့ စဉ်းစား နေပါသေးတယ်။ ကျွန်တော်ချီကာဂို တက္ကသိုလ်မှာ အချိန်ပြည့် ကျောင်းသားအဖြစ် ဝင်ခွင့်ရ ခဲ့ပါတယ်။ ဒါပေမဲ့ တီပါက "ခင်ဗျား ကျွန်တော်တို့ဆီမှာ ချက်ချင်း အလုပ် ဝင်သင့်တယ်လို့ ပြောပါတယ်။ ကျွန်တော်နှစ်ခုလုံး လုပ်ဖို့ ဆုံးဖြတ်လိုက်ပါ တယ်။ ချီကာဂို တက္ကသိုလ်က ဝင်ခွင့်ကို အချိန်ပိုင်း သင်တန်းအဖြစ် ပြောင်းလဲနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ဘယ်သူ့ကိုမှ မပြောပြဘဲ စနေတနင်္ဂနွေ တိုင်းမှာ ချီကာဂိုကို သွားပြီး ကျောင်းတက်နေခဲ့ပါတယ်။ ကျွန်တော့်ရဲ့ MBA ကို၂နှစ်အတွင်းမှာ ရယူနိုင်ခဲ့လို့ ကျွန်တော် လုပ်နိုင်ခဲ့တာကို ဝမ်းသာမိပါ တယ်။ ကျွန်တော် အလုပ်မှာတော့ ကြီးမားတဲ့ Compaq ကွန်ပျူတာတွေကို သယ်ပြီး နိုင်ငံရဲ့ နေရာအနှံ့ အပြားကို သွားရပါတယ်။ ဂျော်ဂျီယာ ပက်စိ ဖိတ်တို့၊ မိုဘီတို့လို ကုမ္ပဏီတွေက CIO တွေ၊ သုံးစွဲသူတွေနဲ့ တွေ့ဆုံရပြီး ကျွန်တော်တို့ရဲ့ operating systems အသစ်က အခြားစနစ်တွေထက် ပို ကောင်းမွန်ပြီး ပိုကြံ့ခိုင်တဲ့အတွက် ပြောင်းလဲအသုံးပြုဖို့ တိုက်တွန်း ရပါ တယ်။ ကျောင်းမှာတော့ ကျွန်တော့်ရဲ့ အင်ဂျင်နီယာ ဘွဲ့တုန်းကထက် ပိုပြီး အဆင့်မြင့်တဲ့ သင်္ချာဘာသာရပ်ကို သင်ယူဖို့အတွက် အဆင့်မြင့် ဘဏ္ဍာရေး ဘာသာရပ်ကို ယူပြီး လေ့လာခဲ့ပါတယ်။ မဟာဗျူဟာ၊ ဘဏ္ဍာရေးနဲ့ ခေါင်းဆောင်မှု ပိုင်းဆိုင်ရာ ပညာရပ်တွေကို တက္ကသိုလ်မှာ စတီဗင် ကပ်ပ လန်၊ မာဗင် ဇိုးနစ်စ်နဲ့ အခြားနာမည်ကြီး ပုဂ္ဂိုလ်တွေနဲ့ အတူတူ တက် ရောက် သင်ကြားခဲ့ရတာတွေက ကျွန်တော် MBA ဘွဲ့ရအပြီး နှစ်တော်တော် အကြာမှာ ကျွန်တော့်ရဲ့ တွေးခေါ်ပုံနဲ့ အသိဉာဏ် ရယူမှုတွေအပေါ် လွှမ်းမိုး ခဲ့ပါတယ်။ မိုက်ခရိုဆော့ဖ်မှာ ရောက်ရှိနေတာဟာ စိတ်လှုပ်ရှားဖို့ ကောင်း ပါတယ်။ အလုပ်ဝင်ပြီး သိပ်မကြာခင်မှာ ပဲစတီဘောမား ကိုပထမဆုံး

အကြိမ်အဖြစ် တွေ့ခဲ့ပါတယ်။ သူက ကွန်တော် ရုံးခန်းကို ရောက်လာပြီး SUNကို စွန့်ခွာပြီး မိုက်ခရိုဆော့ဖ်ကို ရောက်လာတာကို ဂုဏ်ပြုတဲ့ အနေနဲ့ သူ့ရဲ့အဓိပ္ပာယ် အများကြီး ရှိတဲ့ဟိုက်ဖိုက် (လက်ဝါးချင်းရိုက်မှု) နဲ့ လာပြီး နှုတ်ဆက်တာပါ။ ဒါက နောက်နှစ်တွေ အများကြီး အကြာမှာ စတိဗ်နဲ့အတူ ပြုလုပ်ခဲ့တဲ့ စိတ်ဝင်စားစရာ ကောင်းပြီး ပျော်ရွှင်စရာကောင်းတဲ့ စကား ဝိုင်းတွေရဲ့ ဖြစ်ပါတယ်။ အဲဒီအချိန်က ကုမ္ပဏီမှာ စစ်မှန်တဲ့ ရည်ရွယ်ချက်နဲ့ စွမ်းအင်တွေ ရှိနေတဲ့ အချိန်ဖြစ်ပါတယ်။ ကောင်းကင်အဆုံးထိ အပေါ်ကို ရောက်လာတော့မယ့် အချိန် ဖြစ်ပါတယ်။

Windows NT အတွက် အလုပ်လုပ်နေရင်း နှစ်အနည်းငယ် အကြာမှာ အဆင့်မြင့် နည်းပညာ အဖွဲ့တစ်ခုတည်းကို ကျွန်တော်ရောက်လာ ခဲ့ပါ တယ်။ ဒီအဖွဲ့ကို ပါရမီရှင်တစ်ယောက် ဖြစ်တဲ့ နေသန် မိုင်ဗိုးက တည်ထောင်ထားတာပါ။ စီလီကွန် ဗယ်လီရဲ့ ဂုဏ်ယူစရာစင်တာ Xerox PARC လို့ ခေါ်တဲ့ သုတေသန စင်တာ ဖွဲ့စည်းခဲ့တဲ့ အချိန်ကတည်းက မိုက်ခ ရိုဆော့ဖ်က ရစ်က် ရာရှစ်၊ ကာရစ် မန်ဒိန်းတို့လို လူတွေအပါအဝင် နည်း ပညာဉာဏ်ကြီးရှင်တွေကို စုစည်းပြီး ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော့် ကို ကုဒ်နာမည် တိုက်ဂါးဆာဗာလို့ခေါ်တဲ့ ပရောဂျက်မှာ ထုတ်ကုန် မန်နေဂျာအဖြစ် တာဝန်ယူဖို့ တောင်းဆိုခံရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ဒီပရောဂျက်က ဗွီဒီယိုတွေကို လိုသလို ကြည့်ရှုနိုင်တဲ့ VOD ဆားဗစ် တည်ဆောက်ရေးရဲ့ အဓိက ရင်းနှီးမြှုပ်နှံမှုတစ်ခု ဖြစ်ပါတယ်။ ဒါက ထုတ် လွှင့်ရေး ကေဘယ် ကုမ္ပဏီတွေ VOD ကို ပံ့ပိုး မယ့်နည်းပညာနဲ့ စီးပွားရေး မော်ဒယ်တွေ ထွက်မလာခင်နဲ့ နက်ဖလစ်က ဗီဒီယို ပြသမှုတွေ မပြုလုပ်ခင် နှစ်တော်တော်အလို ကတည်းက ဖြစ်ပါတယ်။ ကံကောင်းချင်တော့ VOD စမ်းသပ်မှုတွေ ပြုလုပ်ဖို့ အခြေခံ အဆောက်အဦ အပြည့်အစုံရှိတဲ့ မိုက်ခရို

ဆောဖ့် ကမ်းပတ်စ်ရဲ့ ဘေးကပ်ရပ်မှာ ကျွန်တော်နေထိုင် နေတာပါ။ ဒါကြောင့် VOD ဆားဗစ်ကို စီးပွားရေးအရ မရောင်းချခင် နှစ်တော်တော်အလို ၁၉၉၄ ကတည်းက ကျွန်တော့်ရဲ့ တိုက်ခန်းဘေးမှာ ဗွီဒီယိုတွေကို လိုသလို ကြည့်လို့ ရနေပါပြီ။ ကျွန်တော်တို့မှာ ဇာတ်လမ်း ၁၅ခွေလောက်ပဲရှိပြီး ဒါတွေကိုပဲ ထပ်ခါထပ်ခါ ကြည့်ရှုခဲ့ရတာကို မှတ်မိ နေပါသေးတယ်။ ကျွန်တော်တို့ရဲ့ တိုက်ဂါး ဆာဗာဆာဗာကို အိမ်တွေဆီကို ATM ( asynchronous transfer mode ) နက်ဝပ်ကနေ ထုတ်လွှင့်ဖို့ စီစဉ်ထားပေမဲ့ အင်တာနက် ပေါ်ပေါက်လာတာနဲ့ ကျွန်တော်တို့ရဲ့ အစီအစဉ်တွေက နေ့ချင်းညချင်းကို ရောက်သွားနိုင်တယ်ဆိုတာ သိခဲ့ ကြပါတယ်။

ကျွန်တော့်ရဲ့စိတ်က အချိန်ပြည့် အအားမရပေမဲ့ ကျွန်တော့်ရဲ့ နှလုံးသားမှာတော့ အနှောင့်အယှက် ဖြစ်နေပါတယ်။ ကျွန်တော် မိုက်ခရိုဆော့ဖ်မှာ အလုပ်မဝင်ခင် အိန္ဒိယကိုပြန်တဲ့ ခရီးစဉ်မှာ အာနူးနဲ့ကျွန်တော်က လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ အာနူးကို ကျွန်တော့်ဘဝ တစ်လျှောက်လုံး သိလာခဲ့တာပါ။ သူ့အဖေနဲ့ ကျွန်တော့်အဖေက အိန္ဒိယ အုပ်ချုပ်ရေးဌာနကို အတူတူ ဝင်ရောက်ခဲ့ကြပြီး မိသားစုချင်း ခင်မင်ရင်းနှီးကြပါတယ်။ တကယ်တော့ အာနူးအဖေနဲ့ ကျွန်တော်က တွေ့တာနဲ့ ခရစ်ကတ်အကြောင်းကို မပြီးနိုင်မစီးနိုင် ပြောတတ်ကြပါတယ်။ ဒီကနေ့အထိ ပြောနေကြတုန်းပါပဲ။ သူက သူ့ကောလိပ်နဲ့ ကျောင်းအတွက် အသင်းခေါင်းဆောင် အဖြစ် ကစားခဲ့သူပါ။ ကျွန်တော် ဘယ်အချိန်မှာ အတိအကျ အာနူးကို ချစ်မြတ်နိုးခဲ့သလဲ ဆိုတဲ့ မေးခွန်းက ကွန်ပျူတာ သိပ္ပံပညာရှင်တစ်ယောက်အတွက်တော့ NP-Complete မေးခွန်းလိုပါပဲ။ ( ကွန်ပျူတာ သိပ္ပံဘာသာရပ်မှာ NP Complete ဆိုတာ ထိရောက်တဲ့ ဖြေရှင်းနည်းကို ရှာမတွေ့နိုင်တဲ့ ပြဿနာမေးခွန်းတွေ ဖြစ်ပါတယ်)။ ကျွန်တော့်အတွက် နေရာ

နဲ့ အချိန်တွေအများကြီးကို ဖြေလို့ရပါတယ်။ ဒါပေမဲ့ တိကျတဲ့ အဖြေတစ်ခု တည်းတော့ မရှိပါဘူး။ တစ်နည်းပြောရရင် ရှုပ်ထွေးပါတယ်။ ကျွန်တော်တို့ မိသားစုတွေ အချင်းချင်း ရင်းနှီးကြပါတယ်။ ကျွန်တော်တို့ရဲ့ လူမှုရေး အသိုင်းအဝိုင်းကလည်း အူတူတူ အတတပါပဲ။ ကလေးဘဝ တုန်းကလည်း အတူတူကစားခဲ့ ကြပါတယ်။ ကောလိပ်နဲ့ ကျောင်းတွေမှာလည်း ဆုံခဲ့ဖူးပါတယ်။ ကျွန်တော်တို့ မိသားစုရဲ့ ချစ်ရတဲ့ ခွေးလေးက အာနူးတို့အိမ်က ခွေးကနေမွေးတဲ့ ခွေးဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော် အမေရိကားကို ရောက်လာတာနဲ့ အာနူးနဲ့ အဆက်အသွယ် ပြတ်သွားခဲ့ပါတယ်။ ကျွန်တော် အိန္ဒိယကို အလည်ပြန်တဲ့ အချိန်ကျမှ တစ်ယောက်နဲ့တစ်ယောက် ပြန်တွေ့ကြပါတယ်။ သူက မနိပေါလ်က ဗိသုက နောက်ဆုံးနှစ်ဖြစ်ပြီး နယူးဒေလီမှာ အလုပ်သင် ဆင်းနေပါတယ်။ ကျွန်တော်တို့ မိသားစုနှစ်ခု တစ်ညနေခင်းမှာ ညစာအတူစားကြရင်းနဲ့ အဲဒီညမှပဲ ကျွန်တော့်ဘက်က သူမှသူ ဖြစ်နေပြီဆိုတာ သေချာသွားပါတယ်။ ကျွန်တော်တို့မှာ တူညီတဲ့ တန်ဖိုးထားမှုတွေ၊ ကမ္ဘာကြီးအပေါ် ရှုမြင်ပုံ တူညီတာတွေနဲ့ အနာဂတ်အပေါ် မက်တဲ့အိပ်မက်တွေချင်း တူညီပါတယ်။ နေရာတိုင်းမှာ သူ့မိသားစုက ကျွန်တော့်မိသားစု ဖြစ်နေသလို ကျွန်တော့်မိသားစုကလည်း သူ့မိသားစု ဖြစ်နေပါပြီ။ နောက်တစ်ရက်မှာတော့ ကျွန်တော့်မျက်မှန် ပြင်ဖို့အတွက် ကျွန်တော့်ကို မျက်စိစမ်းသပ်ခန်းကို လိုက်ပို့ဖို့သူ့ကို ဖျောင်းဖျခဲ့ပါတယ်၊ မျက်စိစမ်းသပ်ခန်းက အပြန်မှာ အခု အချိန်မှာ တိုးရစ်တွေကြား နာမည်ကြီးပြီး ရှေးဟောင်း ဗိသုကလက်ရာတွေရှိတဲ့ လော်ဒီပန်းခြံထဲမှာ အတူတူ လမ်းလျှောက်ရင်း စကားတွေအများကြီး ပြောဖြစ်ခဲ့ပါတယ်။ ဗိသုကာကျောင်းသူ တစ်ယောက်ဖြစ်တဲ့ အာနူးက ဒေလီမှာရှိတဲ့ ရှေးဟောင်း လက်ရာတွေကို ချစ်မြတ်နိုးတဲ့အတွက် ရက်တော်တော်ကြာကြာ

တိုင်အောင် နှစ်ယောက်အတူတူ သွားပြီး ကြည့်ကြပါတယ်။ ပန်ဒရာလမ်းပေါ်က စားသောက်ဆိုင်မှာ နေ့လယ်စာ စားကြပါတယ်။ အမျိုးသား ပြဇာတ်ရုံမှာ ပြဇာတ်အတူတူ ကြည့်ပြီး ခန်စျေးတန်းက စာအုပ်ဆိုင်တွေမှာ စာအုပ်ဝယ်ကြပါတယ်။ ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် ချစ်ကြွမ်းဝင်နေကြပါပြီ။ ၁၉၉၂ အောက်တိုဘာ လရဲ့ နေ့လယ်ခင်း တစ်ခုမှာ စိမ်းလန်းနေတဲ့ လော်ဒီ ပန်းခြံထဲမှာ ကျွန်တော်အာနူးကို လက်ထပ်ခွင့် တောင်းခဲ့ပါတယ်။ သူ့ဘက်ကလည်း ကျွန်တော့်ရဲ့ လက်ထပ်ခွင့်ကို သဘောတူခဲ့ပါတယ်။ ကျွန်တော်တို့ ဟာနူရမ် လမ်းပေါ်က အာနူးရဲ့ နေရာကို အတူတူ လမ်းလျှောက်ပြန်လာပြီး။ ဒီသတင်းကို အာနူးရဲ့အမေကို ပြောပြလိုက်ပါတယ်။ နောက်နှစ်လအကြာ ဒီဇင်ဘာမှာတော့ ကျွန်တော်တို့ လက်ထပ်ခဲ့ကြပါတယ်။ ကျွန်တော့်အတွက် ပျော်စရာအချိန်တွေပါ။ ဒါပေမဲ့ မကြာခင်မှာပဲ အမေရိကားရဲ့ လူဝင်မှု ကြီးကြပ်ရေးကြောင့် စိတ်ရှုပ်စရာတွေ ဖြစ်လာခဲ့ပါတယ်။ အာနူးက ဗိသုကာနောက်ဆုံးနှစ် ဖြစ်လို့ အစီအစဉ်က သူဘွဲ့ယူအပြီးမှာ ကျွန်တော်ရှိတဲ့ ရက်ဒ်မွန်ကို လိုက်လာဖို့ ဖြစ်ပါတယ်။ ၁၉၉၃ မှာ အာနူးက သူကျောင်းမပြီးခင် နောက်ဆုံး အပျော်ခရီးစဉ်အတွင်း ကျွန်တော့်ဆီလာဖို့ ဗီဇာလျှောက်ခဲ့ပါတယ်။ ဒါပေမဲ့သူက အမေရိကားက အမြဲနေထိုင်သူ တစ်ဦးနဲ့ လက်ထပ်ထားလို့ဆိုပြီး ဗီဇာကို ငြင်းပယ်ခံခဲ့ ရပါတယ်။ အာနူးရဲ့ အဖေက နယူးဒေလီက အမေရိကန် သံရုံးရဲ့ သံအရာရှိနဲ့ တွေ့ပြီး အမေရိကန်နဲ့ ဗီဇာစည်းမျဉ်းတွေက အမေရိကန်နိုင်ငံက စွဲကိုင်ထားတဲ့ မိသားစု စည်းမျဉ်းတွေနဲ့ ကိုက်ညီမှု မရှိကြောင်းပြောပြီး စောဒကတက်ခဲ့ပါတယ်။ အားနူးအဖေရဲ့ တိုက်တွန်းပြောဆိုမှုတွေနဲ့ အမေရိကန် သံအရာရှိရဲ့ကြင်နာသနား တတ်မှုကြောင့် ရှားပါးတဲ့ ခြွင်းချက်အဖြစ် အာနူးကို ခရီးတို အလည်အပတ်ဗီဇာ ထုတ်ပေးခဲ့ပါတယ်။ အားလပ်ရက် ခရီးစဉ်

အပြီးမှာ အာနူးက အိန္ဒိယကို ပြန်လာပြီး သူ့ရဲ့ဘွဲ့အတွက် ကျန်ရှိနေတဲ့ အတန်းတွေကို ပြီးအောင် တက်ခဲ့ပါတယ်။ အာနူး အမေရိကားကို ပြန်လာဖို့က သူကအမေရိကားမှာ အမြဲနေထိုင်သူ အိမ်ထောင်ဖက်တွေရဲ့ ဗီဇာ စောင့်ဆိုင်းစာရင်းထဲမှာ ပါနေတဲ့အတွက် အရမ်းခက်ခဲသွားပါပြီ။ မိုက်ခရိုဆော့ဖ်ရဲ့ လူဝင်မှု ကြီးကြပ်ရေး ရှေ့နေတစ်ယောက်က နိုင်ငံရဲ့ လက်ရှိ စည်းမျဉ်းတွေအရ အာနူးဒီကို လာဖို့ ၅ နှစ်ကနေ ၆ နှစ်ကြာအောင် စောင့်ဆိုင်းရနိုင်တယ်လို့ ကျွန်တော့်ကို ပြောပါတယ်။ ကျွန်တော် မိုက်ခရိုဆော့ဖ်ကနေ အလုပ်ထွက်ပြီး အိန္ဒိယကို ပြန်ဖို့တောင် စဉ်းစားခဲ့ပါသေးတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ ရှေ့နေအီရာရူဘင်စတိန်းက စိတ်ဝင်စားစရာ အကြောင်းအရာ တစ်ခုကို ပြောပြပါတယ်။ သူက "မင်း ဂရင်းကတ်ကို စွန့်လွှတ်ပြီး H1B ဗီဇာ ပြောင်းကိုင်ပါလား" လို့ ပြောပါတယ်။ (H1B ဆိုတာ အမေရိကားမှာ ကျောင်းပြီးသူတွေအတွက် အလုပ်လုပ်ခွင့် ဗီဇာ ဖြစ်ပါတယ်) သူက ကျွန်တော့်ရဲ့ အမြဲနေထိုင်ခွင့် ဗီဇာကို စွန့်လွှတ်ပြီး ယာယီ အလုပ်လုပ်ခွင့် ဗီဇာကို ပြန်လျှောက်ဖို့ အကြံပေးတာပါ။ ဂျရက် ဒီပါဒူးရဲ့ Green Card ရုပ်ရှင်ကို ကြည့်ဖူးရင် အမေရိကားမှာ ဂရင်းကတ်ရဖို့အတွက် လူတွေ ဖြစ်တဲ့နည်းနဲ့ ကြိုးစားကြတာကို သဘောပေါက်မှာပါ။ ဒါဆိုဘာလို့ ကျွန်တော်က တန်ဖိုးရှိတဲ့ ဂရင်းကတ်ကို စွန့်လွှတ်ပြီး ယာယီ အလုပ်လုပ်ခွင့် ပြန်လျှောက်ရမှာလဲ၊ H1B ဗီဇာက ယောကျ်ား သို့မဟုတ် မိန်းမက ဒီမှာ အလုပ်လုပ်နေတယ် ဆိုရင် အိမ်ထောင်ဖက်ကို အမေရိကားကို လာခွင့်ပြုပါတယ်။ ဒါက လူဝင်မှုကြီးကြပ်ရေးရဲ့ အမြီးအမောက် မတည့်တဲ့ စည်းမျဉ်းတစ်ခုပါ။ ဒါပေမဲ့ ကျွန်တော်လည်း ဘာမှ မတတ်နိုင်ပါဘူး။ အာနူးက ကျွန်တော့်ရဲ့ ပထမ ဦးစားပေးပါ။ ဒါကြောင့် ကျွန်တော် ဆုံးဖြတ်ချက်ကို ရိုးရိုးရှင်းရှင်းပဲ ပြုလုပ်လိုက်ပါတယ်။ ၁၉၉၄ ဇွန်လမှာ ဒေလီက အမေရိကန်

သံရုံးကို ပြန်သွားခဲ့ပါတယ်။ ဗီဇာရဖို့ မျှော်လင့်တကြီး စောင့်နေကြတဲ့ လူတန်းရှည်ကြီးကိုဖြတ်ပြီး သံရုံး ဝန်ထမ်းတစ်ယောက်ကို ကျွန်တော့်ရဲ့ ဂရင်းကတ် ပြန်အပ်ပြီး H1B လျှောက်ချင်လို့ပါလို့ ပြောလိုက်ပါတယ်။ သူက အရမ်းအံ့အားသင့်သွားပြီး "ဘာလို့လဲ" လို့ ပြန်မေးပါတယ်။ ကျွန်တော်က လူဝင်မှုကြီးကြပ်ရေး မူဝါဒရဲ့ ကပြောင်းကပြန် အဖြစ်အပျက်ကို ပြောပြလိုက်တော့ သူက သူ့ခေါင်းကို ယမ်းလိုက်ပြီး ကျွန်တော့်ကို ဖောင်တစ်ခုဖြည့်ဖို့ပေးပါတယ်။ နောက်တစ်ရက် မနက်မှာ H1B ဗီဇာ လျှောက်ဖို့ ပြန်ရောက်လာခဲ့ပါတယ်။ ကံကြမ္မာက ဖန်တီးပေးလို့ အားလုံး အဆင်ပြေခဲ့ပါတယ်။ အာနူးဆီရက်တယ်ကို ရောက်လာပြီး ကျွန်တော်တို့ရဲ့ မိသားစုဘဝကို စတင် တည်ဆောက်ခဲ့ကြပါတယ်။ ကျွန်တော့်အလုပ်မှာ ကျွန်တော်က နာမည်ဆိုးနဲ့ ရုတ်တရက် ကျော်ကြားလာမယ်လို့ မျှော်လင့်မထားပါဘူး။ "အဲဒီ ကောင်ပေါ့၊ ဂရင်းကတ်ကို စွန့်လွှတ်လိုက်တာလေ" လို့ ပြောနေကြပါတယ်။ နေ့တိုင်းလိုလို ကျွန်တော့်ဆီက အကြံဉာဏ် တောင်းခံသူတွေ တစ်ယောက်မဟုတ် တစ်ယောက် ရှိနေတတ်ပါတယ်။ သိပ်မကြာခင်မှာပဲ ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဘက် တစ်ယောက်ဖြစ်တဲ့ ကူနယ်ဘာလ်က သူ့ရဲ့ H1B ဗီဇာသက်တမ်း ကုန်သွားပြီး ဂရင်းကတ်လည်း မရတဲ့အတွက် မိုက်ခရိုဆော့ဖ်က အလုပ်ထွက်ပြီး အိန္ဒိယကို ပြန်သွားရပါတယ်။ သူအိန္ဒိယကို ပြန်ရောက်တော့ Snapdeal ကုမ္ပဏီကို တည်ထောင် လိုက်ပါတယ်။ အခုအချိန်မှာ သူ့ကုမ္ပဏီက ၁ ဘီလီယံ တန်ဖိုးရှိပြီး ဝန်ထမ်း ၅၀၀၀ ကျော်ရှိနေပါပြီ။ ဖြစ်ချင်တော့ cloud ကို အခြေခံတဲ့ snapdeal လိုအွန်လိုင်း ကုမ္ပဏီက ကျွန်တော့်အနာဂတ်နဲ့ မိုက်ခရိုဆော့ဖ်အတွက် အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်လာပါတယ်။ ကျွန်တော့်ရဲ့ အရင် နိုင်ငံဟောင်းက သင်ခန်းစာတွေက ကျွန်တော့်ရဲ့ လက်ရှိ ဘဝဘဝကို ပုံဖော်ပေးနေပါတယ်။

***